EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

www.myitkyinanewsjournal.com

http://www.facebook.com/
myitkyinanewsjournal.mm

အတွဲ (၅)၊ အမှတ် (၂၃) “ကချင်ပြည်နယ်၏ပထမဦးဆုံးလွတ်လပ်သော သတင်းစာ” ( ဇူလိုင် ၆ ၊ ၂၀၁၈ )

## ဧရာဝတီမြစ်အပေါ် မှီတည်နေတဲ့ ကျောင်းပညာရေး



မြစ်ဆုံရေကာတာကြောင့် မလိယန်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ရသော ကျောင်းသားများက ဧရာဝတီမြစ်ကိုဖြတ်ကူး၍ မြစ်တစ်ဘက်ကမ်းရှိ အောင်မြင်သာအထက်တန်းကျောင်းသို့ နေ့စဉ် ကျောင်းတက်ရောက်နေရပုံ ဓာတ်ပုံ – ခေါင်နတ်

စာ – ၂ သို့ »



## ဆရာမ နှစ်ယောက်ကို သတ်ဖြတ်သူမှာ ကေအိုင်အေဖြစ်ကြောင်း ကာချုပ်၏ပြောကြားချက်ကို ကေဘီစီငြင်းဆန်

စာ – ၃ သို့ »

## တွက်ချေကိုက်လာတဲ့ ဖူဆယ်ကွင်း စီးပွားရေး

စာ – ၁၈ သို့ »

## ဆိုင်ကယ် ပျောက်ဖူးသည့် ပြည်သူများ မြို့မရဲစခန်းတွင် လာရောက်ကြည့်ရှုနိုင်

စာ – ၁၅ သို့ »

## တစ်သျှူးငှက်ပျောစိုက်ခင်းများကြောင့် ဘိန်းစိုက်ပျိုးမှု လျော့ကျခဲ့ခြင်းမရှိ ဟုဆို

စာ – ၆ သို့ »

## ၃ ရက်စာလုပ်အားခ မပေးလို့ တရုတ်အမျိုးသားနှစ်ဦးကို သတ်ဖြတ်

စာ – ၁၅ သို့ »

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၆ ၊ ၂၀၁၈ )

# ဧရာဝတီမြစ်အပေါ် မှီခိုနေတဲ့ ကျောင်းပညာရေး

ခေါင်နုတ် ရေးသားသည်

မြစ်ကြီးနားမြို့နယ်၊ မလိယန်နှင့် ခန်းဘူကျေးရွာမှ ကျောင်းသားများ၏ ပညာသင်ကြားရေးခရီးက အသက်နှင့် အလဲအထပ်ပြုကာ ကျောင်းတက်နေကြရသည်။ သူတို့၏ ကျောင်းသွားလမ်းက စက်လှေတစ်တန်၊ ခြေလျင်တစ်တန် သွားနေရသည်။

ကျောင်းသား သုံးဆယ်ခန့်၏ ကျောင်းတက်လမ်းက ဧရာဝတီမြစ်ကြီးကို တစ်လုံးထိုးအင်ဂျင်စက်တပ် စက်လှေဖြင့် နေ့စဉ်ဖြတ်ကူးပြီး အောင်မြင်သာအထက်တန်းကျောင်းသို့ တက်ရောက်နေကြခြင်းဖြစ်သည်။

ကျောင်းသားများအတွက် အသက်ကယ်အင်္ကျီဆိုတာ ဘာမှန်းမသိတဲ့အရာ။ ရေတိုးချိန်မှာ မြစ်ပြင်ကျယ်လာသည့် ဧရာဝတီကိုဖြတ်သန်းကျောင်းသွားရသည့် ကျောင်းသားများအတွက် ကြုံလာနိုင်သည့် အသက်အန္တရာယ်က အရွယ်နှင့်မမျှ။ သူတို့ရဲ့ ကျောင်းတက်ရက်က ဧရာဝတီမြစ်အထက်ပိုင်း မိုးရွာသွန်းမှုနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။

မြစ်ရေကြီးလာလျှင် စက်လှေဆရာများက အန္တရာယ်ရှိသည်ဟုဆိုကာ ကျောင်းသားများကို မြစ်တစ်ဖက်ကမ်းသို့ မပို့ကြ။ မြစ်ရေစီးကြောင်းအတိုင်း မျောပါလာတတ်သည့် သစ်တုံးရှည်များ၊ သစ်တုံးကြီးများက ကျောင်းသားများ၏ဇီဝိန်ကို အချိန်မရွေး နုတ်ယူသွားနိုင်လို့ဖြစ်သည်။ ဒါ့အပြင် ဧရာမလှိုင်းလုံးကြီးများကို အံမတုနိုင်သည့် သူတို့၏စက်လှေများကလည်း ကျောင်းသားလေးများကို ဧရာဝတီမြစ်ကြမ်းပြင်အောင်အထိ သွန်ချလိုက်မှာကို စိုးရိမ်၍ဖြစ်သည်။

ထို့ကြောင့် ကလေးများ၏ ကျောင်းတက်ချိန်က မြစ်အထက်ပိုင်း မိုးအနည်း၊ အများပေါ် မူတည်နေခြင်းဖြစ်သည်။

"ရေလမ်းကြောင်းမှာ သစ်တုံးမျော/မမျော ပေါ်မူတည်တယ်၊ သစ်တုံးတွေမျောပါလာပြီဆိုရင် ကျွန်တော်တို့က ကျောင်းသားတွေကို မပို့ပေးနိုင်ဘူး။ ဒီမြစ်က မေခ၊ မလိခ ပေါင်းထားတာဆိုတော့ ခန့်မှန်းရခက်တယ်။ ရေက ဝုန်းကနဲဆို မြင့်တက်သွားတယ်။ မကြာဘူး ခနဆိုပြန်ကျသွားတယ်။ ရေစီးအားက အရမ်းပြင်းတယ်၊ ဒီဘက်ကမ်းရောက်ခါနီးလောက်မှာလည်း ရေဝဲအကြီးကြီးရှိတယ်၊ သာမန်စက်လှေ ကျွမ်းကျင်တာလောက်နဲ့တော့ မရလောက်ဘူး၊ မမျှော်လင့်တာတွေ ဖြစ်သွားနိုင်တယ်"ဟု ကျောင်းသားတွေကို တစ်ဖက်ကမ်းပို့ပေးနေသည့် စက်လှေဆရာက သူ့အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောပြသည်။

ကျောင်းသားများကို လိုက်ပို့သည့် မြစ်ကူးစက်လှေသည် လူဆယ်ယောက်လောက်သာ လိုက်ပါနိုင်သည့် တစ်လုံးထိုးအင်ဂျင်တပ်ယာဉ်သာ ဖြစ်သည်။ ပေါင်းမိုးမပါတော့ ကျောင်းသားများမှာ မိုးရွာလျှင်အစို၊ နေပူလျှင်အခြောက်။ အသက်ကယ်အင်္ကျီ မဆိုထားနှင့်၊ မိုးကာအင်္ကျီပင် မဝတ်နိုင်ကြသည့် ကျောင်းသားများမှာ မြစ်ကူးချိန်မိုးရွာလျှင် တစ်ကိုယ်လုံး ရွှဲရွှဲစိုကြရသည်။ ပဲ့ကိုင်ဆရာက လှေဦးပိုင်းမမြင်ရဟုဆိုကာ တားမြစ်ထား၍ ထီးလည်း ဆောင်းလို့မရ။ သူတို့ကို မိုးစိုမှာထက် မြစ်အထက်က မျောပါလာမည့် သစ်တုံးများကို မြင်ရဖို့က အရေးကြီးသည်။

ရေစိုကျောင်းဝတ်စုံက သူတို့၏ တစ်ခုတည်းသော အဖြူအစိမ်းဖြစ်၍ အစားထိုးလဲလှယ်စရာမရှိ။ တစ်နေကုန်အောင် ရေစိုဝတ်ဖြင့်နေလိုက်ကြသည်။

"ကျောင်းစိမ်း၊ ကျောင်းဖြူအကုန်လုံး စိုသွားတယ်၊ ကျောင်းခန်းထဲ ရောက်ပြီး လွယ်အိတ်ထဲက စာအုပ်ထုတ်ကြည့်တော့ စာအုပ်လည်းအကုန်လုံးလောက် စိုနေတယ်။ အဝတ် စိုစိုစွတ်စွတ်နဲ့ပဲ ကျောင်းတက်တယ်။ ညနေအိမ်ပြန်ချိန်လောက်ဆိုတော့ သူ့ဟာသူ ပြန်ခြောက်သွားတယ်"ဟု ခုနှစ်တန်းကျောင်းသား မောင်လင်ဂွန်းက ပြောပြသည်။

မည်သူမျှ ကြိုမတွက်နိုင်သည့် ကျောင်းပျက်ရက်တွေများလာသည့်အခါ ကျောင်းသားများ၏ ကျောင်းစာက တစ်စထက်တစ်စနောက်ကျခဲ့ကြရသည်။ မြစ်ကူးကျောင်းတက်ရသူတွေအတွက် နစ်နာဆုံးရှုံးမှုက ဆက်လာသည်။ အိမ်မှ ကျောင်းအထိ တစ်လမ်းလုံး မိုးမိသည့်အတွက် ကျောင်းရောက်လျှင် ဖျားနာကြသည့်အခါလည်းရှိသည်။ ထိုနေ့ ကျောင်းတွင် မဖျားလျှင် နောက်တစ်နေ့ ကျောင်းမလာနိုင်ဘဲ အိမ်တွင်ဖျားသည့်အခါလည်းရှိသည်။ ထိုအခါ နောက်တစ်ကြိမ် ကျောင်းပျက်ရပြန်သည်။

"ရေကြီးပြီး ကျောင်းမသွားနိုင်တော့ဘူးဆိုရင် စက်လှေဆရာတွေက ကျောင်းကိုလှမ်းအကြောင်းကြားပေးတယ်။ ဒါပေမဲ့ကျောင်းမှာက သင်ခန်းစာအသစ်တက်နေပြီ။ အဲ့လိုနဲ့ပဲ စာမမီလိုက်တာတွေ၊ စာပြန်မလိုက်နိုင်တာတွေ ရှိခဲ့တယ်။ ကျောင်းမှာတော့ မမီလိုက်တဲ့စာတွေပြန်တော့ သင်ပေးတယ်၊ ဒါပေမဲ့ အမြဲတမ်းတော့ မသင်ပေးကြဘူး။ ဟိုတလောကပဲ ကျောင်းပျက်တာ နှစ်ရက်ရှိတယ်။ မြစ်ရေက အခုတောင် မကြီးသေးဘူးလို့ ပြောနိုင်တယ်၊ မနှစ်တုန်းကဆိုရင် ကျောင်း မတက်နိုင်တဲ့နေ့ပိုများတယ်"လို့ အဋ္ဌမတန်းကျောင်းသူ မလုလုအောင်က ကျောင်းပျက်လို့ သူစာမလိုက်နိုင်တဲ့အကြောင်းကို ပြောပြသည်။



မိဘများ အနေနှင့်လည်း မြစ်တစ်ဖက်ကမ်းကို ကျောင်းသွားနေရသည့် သား၊ သမီးများအတွက် ပို၍စိတ်သောကရောက်ရသည်။ သို့သော်သူတို့အတွက်တော့ အခြားရွေးချယ်စရာမရှိခဲ့။

"မိုးအရမ်းရွာရင်တော့ ကလေးတွေက အားလုံးစိုတယ်၊ ထီးဆောင်းပေမဲ့ လေက ပြန်တိုးဆိုတော့ မလုံတော့ဘူး။ ကျောင်းရောက်သွားတဲ့အခါ ဖျားလို့ဆိုပြီး ပြန်ခေါ်လာတဲ့အခါလည်းရှိတယ်။ ဟိုဘက်ကမ်းမှာ ကျောင်းထားတယ်ဆိုတာ ကျွန်မတို့ကမတတ်နိုင်လို့ပေါ့၊ တောင်ယာဘဲ လုပ်စားတယ်ဆိုတော့ ကလေးတွေကို ကောင်းကောင်း မပံ့ပိုးနိုင်ဘူး။ ခုလို မိုးတွင်းမြစ်ရေကြီးပြီဆိုရင် ပိုဆိုးပေါ့၊ အရမ်းစိုးရိမ်တယ်"လို့ မလိယန်ကျေးရွာက ကျောင်းသားမိဘတစ်ဦးဖြစ်တဲ့ ဒေါ်ဂျာနန်ကပြောသည်။

ခန်းဘူရွာတွင် စာသင်ကျောင်းမရှိ၊ မလိယန်ရွာမှာတော့ မူလွန်ကျောင်း အဖြစ် ခြောက်တန်းအထိ ရှိသည်။ မလိယန် ကျေးရွာအနီးတစ်ဝိုက်ရွာက ကလေးများသည် ထိုကျောင်းတွင် ပညာသင်ကြားနိုင်ကြသည်။

"ဒီနှစ်တော့ ခြောက်တန်းအထိရှိပြီ၊ ပိုက်ဆံ(လစဉ်ကြေး)လည်း ပေးစရာမလိုတော့ဘူး။ မနှစ်ကတော့ အိမ်က ငါးတန်းကလေးအတွက် လစဉ်ကြေးဆိုပြီး ငါးထောင်ပေးရတယ်။ စာသင်ပေးမဲ့ဆရာမ မရှိတော့၊ ဆရာမအတွက် ပေးရတာ။ ဒီနှစ်က ရွာကလူကြီးတွေ မနည်းကြိုးစားလို့ ခြောက်တန်းအထိဖွင့်ပြီ။ အရင်တုန်းကတော့ ရှစ်တန်းအထိဖွင့်မယ်လို့ ပြောသံကြားတယ်"ဟု မလိယန်ရွာမှ ကျောင်းသားမိဘ ဦးလဖိုင်နော်အောင်က ပြောပြသည်။

ခြောက်တန်းအထက် ကလေးများက မြစ်တစ်ဖက်ကမ်းက အောင်မြင်သာအထက်တန်းကျောင်းမှာ တက်နေရသည်။ မြို့ဘက်မှာ ဆွေမျိုးရှိသူတွေမှာတော့ အဆင်ပြေသည်။ အခြားကလေးတွေအတွက်တော့ ဖြစ်ခါမှဖြစ်ရော မြစ်ကူးပြီး ကျောင်း တက်နေရသည်။

"အိမ်ကကလေး ငါးတန်းနဲ့ ရှစ်တန်းနှစ်ယောက်ကိုတော့ အင်ဂျန်ဒုံက သူ့အဖွားအိမ်မှာ အဆင်ပြေသလိုနေပြီးကျောင်းထားထားတယ်။ ဒီက မြစ်ကူးပြီးကျောင်းသွားတာထက်စာရင်တော့ လုံခြုံမယ်။ မြစ်ရေကြီးပြီဆိုရင်မကူးရဲဘူး။ အရမ်းကြောက်ဖို့ ကောင်းတယ်" ဟု မြစ်ကြီးနားမြို့ဘက်မှာ ကျောင်းထားနိုင်တဲ့ ကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

မလိယန်ရွာတစ်ဝိုက်က ကျောင်းသားများအတွက် မြစ်မကူးဘဲတက်နိုင်မည့် ကျောင်းမှာ နောင်ချိန်းအထက်တန်းကျောင်းတစ်ကျောင်းသာ ရှိသည်။ သို့သော် မလိယန်-နောင်ချိန်း ခရီးအကွာအဝေးက မလိယန်-အောင်မြင်သာခရီးထက် နှစ်ဆမကဝေးသည်။ လမ်းခရီးကလည်းကြမ်းတမ်းသည့် ကျောက်ခင်းလမ်းဖြစ်တော့ မလိယန်ရွာတစ်ဝိုက်က ကျောင်းသားတွေ က မြစ်တစ်ဖက်ကမ်းရှိ အောင်မြင်သာအထက်တန်းကျောင်းကို မဖြစ်မနေ ရွေးချယ်ရသည်။

မလိယန်ရွာက ကျောင်းသားများအဖို့ မြစ်ကူးလိုက်ရုံနှင့် ကျောင်းသို့ ရောက်ရှိသည်မဟုတ်။ စက်လှေပေါ်ကဆင်းပြီး ကျောင်းအထိ တစ်မိုင်ကျော်လမ်းလျှောက်ရပြန်သေးသည်။ ခန်းဘူကျောင်းသားများသည်က ပိုဆိုးသည်။ ရွာမှ မလိယန်စက် လှေဆိပ်အထိ တစ်မိုင်ကျော်ခန့် လမ်းလျှောက်ရသည်။ တစ်ဖက်ကမ်းရောက်လျှင်လည်း ကျောင်းကိုရောက်ဖို့ တစ်မိုင်ကျော်ခန့် လမ်း

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဖားကန့် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀ | နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀ | ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့မှ ခရီးသည်တို့အား ထိုင်ခုံနှင့် တန်ဆာပစ္စည်းအရောက်ပို့ ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဈေးဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဖားကန့် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘုတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။





ထပ်လျှောက်ရပြန်သေးသည်။ ခန်းဘူရွာကျောင်းသားများ၏ ကျောင်းတက်လမ်းက အသွားအပြန် တစ်နေ့ သုံး-လေး-ငါး မိုင်။

ကျောင်းသားများ အသက်အန္တရာယ်ကင်းကင်း ကျောင်းတက်ရန် ဒီနည်းလမ်းတစ်ခုတည်းရှိသည်တော့မဟုတ်။ လုံခြုံမှုအပြည့်ရှိသည့် မြစ်ကူးစက်လှေ အကြီးများကို ပြောင်းလဲပြေးဆွဲခြင်း ပြုနိုင်သည်။ သို့သော် မတတ်နိုင်ကြ။

“စက်လှေက အသေး၊ ဆိုင်ကယ်ကလည်း အများကြီးတင်သေးတယ်၊ ကလေးတွေအတွက်အရမ်းစိုးရိမ်တယ်၊ မိုးကရွာဆိုတော့ အားလုံးစို။ မိုးကာအကျီတွေ၊ ဖော့အကျီ (အသက်ကယ်အကျီ) တွေလည်းမရှိဆိုတော့ အရမ်းခက်တယ်။ မဖြစ်သင့်တာတွေ ဖြစ်သွားမှာကို အရမ်းကြောက်တယ်” လို့ကျောင်းသားမိဘတစ်ဦးက လိုအပ်ချက်ကိုပြောပြသည်။

ရေလမ်းကြောင်းအသုံးပြု ကျောင်းတက်နေရသည့် ကျောင်းသားများအတွက် ယခုနှစ်ပညာသင်နှစ်အတွင်း အသက်ကယ်အကျီများ ချထားပေးမည်ဟု ပညာရေးဝန်ကြီးဌာနက ပြောထားသော်လည်း လက်ရှိအချိန်ထိ မရရှိသေးပေ။ လွန်ခဲ့သည့် နှစ်နှစ်က အခြားကျောင်းများကို အသက်ကယ်အကျီပေးခဲ့သည်ဟု အသံကြားခဲ့သော်လည်း သူတို့ဆီကိုတော့ ရောက်မလာခဲ့ဟုဆိုသည်။

“ဟိုး အရင်တုန်းကတော့ တစ်ခါအသက်ကယ်အကျီပေးမယ်လို့ ပြောဖူးတယ်။ ဒါပေမဲ့ ခုချိန်ထိတော့ ဘာတစ်ခုမှ မရောက်သေးဘူး၊ အပြောနဲ့တော့ရောက်တာပေါ့”ဟု ပြောသည်။

မလိယန်ရွာသည်ဇရာဝတီမြစ်ညာမြစ်ဝှမ်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ၂၀၁၁ ခုနှစ်က ပြောင်းရွှေ့ခံထားရသည့်ရွာ ဖြစ်သည်။ ထိုဒေသ၏ပညာရေးက နိုင်ငံတော်ရည်မှန်းသလို ကျောင်းနေအရွယ်တိုင်း ကျောင်းတက်ချင်ကြသည်။ ကျောင်းကို ဆုံးခန်းတိုင်အောင် တက်ရောက်ဖို့အရေးကိုတော့ ဧရာဝတီမြစ်ပြင်ကျယ်ကြီး၏ အဆုံးအဖြတ်အတိုင်းသာ။ ။

# ဆရာမ နှစ်ယောက်ကို သတ်ဖြတ်သူမှာ ကေအိုင်အေဖြစ်ကြောင်း ကာချုပ်၏ ပြောကြားချက်ကို ကေဘီစီငြင်းဆန်

မြစ်ကြီးနား၊ ဇူလိုင် ၃

ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင် ကောင်းခါးကျေးရွာမှ ကေဘီစီစေတနာ့ ဝန်ထမ်းကျောင်းဆရာမ ၂ ဦး အဓမ္မပြုကျင့် အသတ်ခံရမှုသည် KIA ၏လက်ချက်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်ပြောဆိုသည့်အပေါ် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)က ငြင်းဆန်လိုက်သည်။

ဂင်းတို့အနေဖြင့် မည်သူမည်ဝါဖြစ်သည်ကို မစွပ်စွဲလိုသော်လည်း အခင်းဖြစ်သည့်နေက ထိုကျေးရွာတွင်ရှိနေသည်မှာ မြန်မာ့တပ်မတော်စစ်ကြောင်းများသာ ဖြစ်ကြောင်း၊ တပ်မတော်စစ်သည်များရှိနေချိန် ထိုရွာအတွင်း အပြင်လူများသွားလာရန် မလွယ်ကူကြောင်း ကေဘီစီဒုတိယအတွင်းရေးမှူး ဆရာဇေခေါင်က ချေပပြောဆိုခြင်း ဖြစ်သည်။

“ဘယ်သူလုပ်တယ်ဆိုတာက ကျွန်တော်တို့မပြောနိုင်ဘူး။ ဒါပေမဲ့ အဲဒီအချိန်မှာအဲဒီရွာမှာရှိတာက ခမရ ၅၀၃ ပဲ ရှိတာဖြစ်တယ်။ တပ်မတော်သားတွေရွာထဲမှာ ရှိနေတဲ့အချိန် ကေအိုင်အေတွေကလာပြီးအဲလိုလာလုပ်သွားတယ်ဆိုတာ စဉ်းစားစရာပဲ။ ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာကို ကေအိုင်အေကလည်း တပ်မတော်တပ်တွေရှိနေတဲ့ကြားမှာ မိန်းကလေးတွေကို အဲလိုလာလုပ်ဖို့ဆိုတာကမလွယ်ကူဘူး။ ဘယ်သူဖြစ်မယ်ဆိုတာကိုကျွန်တော်တို့က ပြောဖို့ခက်တယ်။ ဒါပေမဲ့ အဲဒီရွာမှာ အဲဒီတပ်မတော်စစ်ကြောင်းပဲ ရှိတဲ့အတွက် သူတို့ထက်လွန်ပြီး အခြားမဖြစ်နိုင်ဘူးလို့ ပြောချင်တယ်”ဟု ပြောသည်။

ထိုအတူ ကေဘီစီနမ့်တောင်းအသင်းတော်မှ ဆရာနော်ဒီးအောင်ကလည်း “အဲဒီ ၁၉ ရက်ညမှာက အဲဒီပတ်ဝန်းကျင် အားလုံးမှာ ခမရ ၅၀၃ တွေပဲ။ ဆရာမ ၂ ဦးရဲ့ နေအိမ်အနီးတွေမှာလည်း လုံခြုံရေးလုပ်ပေးနေတာ အဲဒီညအဲလိုဖြစ်တော့ မနက်မှာကရွာသားတွေက ဆရာမနှစ်ယောက်ကိုတွေ့လို့ အော်ငိုနေတဲ့ချိန် အဲဒီစစ်ကြောင်းက သူတို့နဲ့ဘာမှမဆိုင်သလိုနေနေကြတယ်။ အဲဒါကိုကြည့်ရင်တော့ တခြားလူတွေမဖြစ်နိုင်ဘူး။ ကေအိုင်အေလည်း မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်တိုင် အဲဒီမှာ လုံခြုံရေးယူထားတဲ့အတွက် ကျွန်တော်တို့ပြည်သူတွေက သူတို့ကိုပဲထင်တယ်။ ကေအိုင်အေတွေက အဲဒီမှာ တပ်မတော်စစ်ကြောင်းရှိနေတဲ့အချိန် ဝင်မလာနိုင်ဘူး။ ဒေသခံတွေ အားလုံးရဲ့အသံက သူတို့ပဲဖြစ်နိုင်တယ်လို့ဆိုပါတယ်”ဟု ပြောဆိုသည်။

ဆရာမနှစ်ဦးနေထိုင်သည့် အဆောင်သည် အမှတ်(၅၀၃) ခြေမြန်တပ်ရင်း စစ်ကြောင်းအဖွဲ့နှင့် ပေတစ်ရာခန့်အကွာနေရာတွင်ရှိကြောင်း၊ စစ်ကြောင်းအဖွဲ့မှ ဗိုလ်ကြီးတစ်ယောက်က ရွာလူကြီးကို ဂင်းဆရာမနှစ်ယောက်ကဘယ်ကလာလဲ၊ စာသင်ကျောင်းက အစိုးရကျောင်းလားဟူသည့်မေးခွန်းများမေးမြန်းသဖြင့် စေတနာ့ဝန်ထမ်းများဖြစ်သည်ဟု ရွာလူကြီးက ပြန်ဖြေခဲ့ကြောင်း သိရသည်။

ထိုသို့ မေးမြန်းခဲ့သည့် ညက ဆရာမနှစ်ဦး အသတ်ခံရခြင်းကြောင့် ကေဘီစီစေတနာ့ဝန်ထမ်းဟု ပြောခဲ့သည့်အတွက်အသတ်ခံရသည်လားဟု သံသယဖြစ်ခဲ့မိကြောင်း ဆရာမတန်ဘောင်ခေါန်နန်စင်၏ မိခင်ဒေါ်လုဘူက ပြောသည်။

“သမီးနှစ်ယောက်က ဘာအမှားမှ မရှိဘူးလေ။ ဘယ်သူနဲ့မှ ဘာရန်ညိုးရန်စမှ မရှိဘူး။ တကယ်လို့များ အဲဒီည အဲဒီနေရာမှာ သူတို့စစ်ကြောင်းတွေမရှိတဲ့အချိန်မှာ ဖြစ်ရင်တော့ တစ်မျိုးပေါ့. . အခုဟာက သူတို့စစ်ကြောင်းတွေနေတဲ့ နေရာက ပေတစ်ရာလောက်အကွာမှာပဲလို့ ဆရာတွေကပြောပြတယ်”ဟု ဆက်ပြောသည်။

ကချင်တိုင်းရင်းသူ ကေဘီစီကျောင်းဆရာမ ၂ဦးအသတ်ခံရမှုသည် ကေအိုင်အေလက်ချက်ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောခဲ့သည့်အပေါ် KBC က ကြေညာချက်ပြန်လည်ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

ကေဘီစီစေတနာ့ဝန်ထမ်းကျောင်းဆရာမ တန်ဘောင်ခေါန်နန်စင်နှင့် မရန်လုရာသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ ညပိုင်းက ကောင်းခါးကျေးရွာတွင် အဓမ္မပြုကျင့် အသတ်ခံရခြင်း ဖြစ်သည်။

လဖိုင်လို



**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ပြည်ထောင်စုမှ ခွဲမထွက်ရ ဟူသည့်အချက်ကို လာမည့် ပင်လုံအစည်းအဝေးတွင် ဆွေးနွေးတော့မည်မဟုတ်ဟုဆို




ဇူလိုင် ၃

ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) တတိယအကြိမ် အစည်းအဝေးတွင် "ပြည်ထောင်စုမှ ခွဲမထွက်ရ"ဆိုသည့် စကားရပ်အပေါ် ထပ်မံဆွေးနွေးမည်မဟုတ်ကြောင်း တိုင်းရင်းသားခေါင်းဆောင်များက ပြောသည်။

ဇွန်လ ၂၉ ရက်နေ့က နေပြည်တော်၌ ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးတွင် ညီလာခံကို ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါတတိယအကြိမ်ညီလာခံအစည်းဝေးတွင် ပြည်ထောင်စုမှ ခွဲမထွက်ရဆိုသည့် စကားရပ်အပေါ် ထပ်မံဆွေးနွေးမည်မဟုတ်ဘဲ နောက်ထပ်လာမည့်စတုတ္ထအကြိမ်ညီလာခံတွင်သာ ဆွေးနွေးသွားမည်ဟု UPDJC နိုင်ငံရေးပါတီများအဖွဲ့ဝင် ဒေါက်တာတူးဂျာက ပြောသည်။

"ဒီတစ်ခေါက်မှာ ဖက်ဒရယ်မူနဲ့ဆိုင်တဲ့ဟာတွေပါမှာဖြစ်ပါတယ်။ ဒါပေမယ့် ပြည့်ပြည့်စုံစုံရှိမယ်တော့ မထင်ဘူး။ အခုက နည်းနည်းကန့်သတ်လိုက်တာ့"ပြည်ထောင်စုရဲ့ အစိတ်အပိုင်းဟူသမျှသည် နိုင်ငံတော်က ဘယ်တော့မှခွဲမထွက်ရ"ဆိုတဲ့ တပ်မတော်နဲ့ အစိုးရဘက်က အထူးသဖြင့် တပ်မတော်ဘက်က တင်တဲ့ဟာကို တိုင်းရင်းသားတွေက အခုချိန်လက်မခံသေးဘူး။ ဒါကြောင့်မို့ အစိုးရနဲ့တပ်မတော်က ဒီညီလာခံမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ပြည်နယ်ဖွဲ့စည်းပုံကို ထပ်မံပြီးဆိုင်းငံ့ထားလိုက်တယ်။ ဒါကို ဒီတစ်ခေါက်လည်း ထပ်မဆွေးနွေးဘူး"ဟု ဒေါက်တာတူးဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့ကြောင့် အဆိုပါအချက်၏ အောက်တွင်ရှိမည့် မူဝါဒချမှတ်သည့်နေရာတွင် အားနည်းချက်များရှိနိုင်သော်လည်း လာမည့်စတုတ္ထအကြိမ်ညီလာခံတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်သည့်အတွက် အချက်အလက်များ ပိုမိုပြည့်စုံလာနိုင်ကြောင်းလည်း ၎င်းကသုံးသပ်ပြောဆိုသည်။

ညီလာခံတွင် ဆွေးနွေးမည့်ကဏ္ဍများမှာ သဘောမတူညီမှုများရှိခဲ့၍ လာမည့်ညီလာခံတွင် လုံခြုံရေးကဏ္ဍနှင့် ပတ်သက်ပြီး ဆွေးနွေးရုံသာ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်တစ်ခုမျှ မချမှတ်ရန်လည်း သဘောတူထားကြောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)၏ ဒုတိယခေါင်းဆောင် ဒေါက်တာ လျန်မုန်းဆာခေါင်းကလည်း ဘီဘီစီသတင်းဌာနကို ပြောကြားထားသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ယခင်ကလို လေ့လာသူအဖြစ်ဖြင့်မဟုတ်ဘဲ တက်ရောက်ဆွေးနွေးရန် တစ်ဖွဲ့ချင်းစီကို ဖိတ်ကြားရေးဆုံးဖြတ်ခဲ့ကြသည်ဟုလည်းသိရသည်။

တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများကိုမူ ဖွင့်ပွဲသို့ လေ့လာသူအနေဖြင့် တက်ရောက်ရန် ဖိတ်ကြားသွားမည်ဟုလည်း ဒေါက်တာတူးဂျာက ထပ်မံပြောကြားသည်။

"နိုင်ငံပါတီ ဥက္ကဋ္ဌတွေကို ဖိတ်မယ်။ ဥက္ကဋ္ဌအပေါင်းတစ်ပေါ့။ ဖွင့်ပွဲအတွက်ပေါ့။ ဖွင့်ပွဲပြီးရင်ပြန်မယ် ဆွေးနွေးဖို့အတွက်တော့မဟုတ်ဘူး။ လက်ရှိအစိုးရလက်ထက်မှာတော့ မဲနိုင်တဲ့ပါတီတွေကိုပဲ တက်ခွင့်ပြုတယ်။ သမ္မတဦးသိန်းစိန်လက်ထက်ကတော့ ပါတီတွေအားလုံးတက်ခွင့်ပြုတာပေါ့။ ဒါပေမယ့် အခုကပေါ် လစီပြန်ပြောင်းလိုက်တဲ့ အနေအထားပေါ့။ မဲနိုင်တဲ့ပါတီတွေက ညီလာခံအစ။ အဆုံးတက်ခွင့်ရှိမယ်။ မဲမနိုင်တဲ့ပါတီတွေက ဖွင့်ပွဲတက်ခွင့်ရှိမှာပေါ့" ဟု ဒေါက်တာတူးဂျာက ပြောသည်။

ထူးခြားမှုအနေဖြင့် ၁၉၄၇ ခုနှစ်က ပြုလုပ်သည့် ပင်လုံညီလာခံတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ခေါင်းဆောင်ကြီးများ၊ ကိုယ်စားလှယ်ကြီးများ၏ သား၊သမီးများကိုလည်း လေ့လာသူအဖြစ်တက်ရောက်ခွင့်ပြု ရန် ဆုံးဖြတ်ခဲ့ကြသည်ဟု ၎င်းကပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တစ်နှစ်နှစ်ကြိမ်ကျင်းပရန် ၃ နှစ်မှ ၅ နှစ်အတွင်း အပြီးကျင်းပသွားရန်နှင့် လာမည့်စတုတ္ထအကြိမ်ညီလာခံကို ဒီဇင်ဘာလတွင် ထပ်မံကျင်းပရန်တို့ကို အတည်ပြုခဲ့ကြသည်ဟုလည်းသိရသည်။

ဒုတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလကကျင်းပခဲ့ပြီး ယခုနှစ်အတွင်း ကျင်းပရန် လျာထားသည့် နေ့ရက်အမျိုးမျိုးထွက်ပေါ်ခဲ့သော်လည်း တစ်နှစ်ကျော်ကြာ ဇူလိုင် ၁၁ ရက်နေ့မှ ၁၆ ရက်အနေ့အထိ ကျင်းပရန် ဇွန်လ ၂၉ ရက်နေ့က ပြုလုပ်ခဲ့သည့် UPDJC အစည်းအဝေး၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

Salai



# ကျောင်းမုန့်ဈေးတန်းတွင် ရောင်းသောမုန့်များအနက် မိမိတို့နားလည်သော ဘာသာစကားဖြင့်ရေးထားသည့် မုန့်များကိုသာစားသုံးသင့်ဟု FDA ပြော



မြစ်ကြီးနား၊ ဇူလိုင် ၃

ကျောင်းသူကျောင်းသားများသည် မိမိတို့ဖတ်တတ်သော စာဖြင့်အညွှန်းရေးထားသည့် မုန့်များကိုသာ စားသုံးသင့်သည်ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဒေါက်တာမေဇင်ထွန်းက အကြံပြုပြောကြားသည်။

ကျောင်းမုန့်ဈေးတန်းများ၌ရောင်းချနေကြသည့်မုန့်များတွင် မိမိတို့နားမလည်သော ဘာသာများဖြင့် ရေးသားထားသော မုန့်များတွင် မည်သည့်အကြောင်းအရာကို ရေးသားထားမှန်းမသိဘဲ ရက်လွန်အစားအစာများကိုစားသုံးမိပါက ကျောင်းသားများ ဘေးဥပါဒ်ဖြစ်မည်စိုး၍ဖြစ်သည်ဟု ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမေဇင်ထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိကကတော့ မြန်မာစာပါတာဟုတ်ရင် ဟုတ်မယ်။ အင်္ဂလိပ်စာပါတာ ဟုတ်ရင် ဟုတ်မယ်။ ကိုယ်ဖတ်တတ်တဲ့ဘာသာနဲ့ရေးထားတဲ့ မုန့်တွေကိုပဲ ရွေးချယ်ပြီးစားသောက်စေချင်တယ်။ အဲလိုမျိုးကိုယ်မဖတ်တတ်တဲ့ တရုတ်ပဲဖြစ်ဖြစ်၊ ယိုးဒယားစာချည်းပဲ ဖြစ်ဖြစ် ပေါ့နော်အဲလိုမုန့်တွေမှာတော့ ဘာတွေပါလို့ ပါမှန်းမသိ။ ကိုယ်ကလည်း မဖတ်တတ်ဘူး။ ရက်လွန်နေ့စွဲတွေကလည်း သူတို့ဘယ်လိုရေးထားမှန်းကို မသိဘူး"ဟု ဒေါက်တာမေဇင်ထွန်းက ပြောသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိနေသည့် မုန့်များကို စဉ်ဆက်မပြတ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ဆိုးဆေးပါဝင်သည်ဟု ယူဆရသော မုန့်များကို မန္တလေးမြို့ ရှိဓာတ်ခွဲခန်းသို့ပေးပို့စစ်ဆေးခဲ့ကြောင်း ဒေါက်တာမေဇင်ထွန်းက ဆက်ပြောသည်။

"ကျွန်မတို့ ဌာနအနေနဲ့ကတော့ မုန့်အသစ်တွေဆိုရင် ဒါကအန္တရာယ်များနိုင်ချေရှိမရှိဆိုတာတွေကို ကောက်တယ်။ ဆက်ပြီး ပေးပို့စစ်ဆေးတယ်။ စစ်ဆေးချက်ရလဒ်အရ စားသုံးရန်မသင့်ဘူးလို့ ပါလာခဲ့ရင်၊ အဖြေရခဲ့ရင် မန္တလေးကနေ နေပြည်တော်ရုံးချုပ်ကိုပြန်ပို့တယ်။ ပြီးတာနဲ့ လူအားလုံးကိုစားသုံးရန်မသင့်ဘူးလို့ကြေညာလိုက်တယ်။ သတင်းစာတွေ၊ မီဒီယာကနေလည်း တရားဝင်ကိုကြေညာပါတယ်"ဟု ဒေါက်တာမေဇင်ထွန်းက ပြောသည်။


ကျောင်းကျန်းမာရေးအဖွဲ့များကလည်း ကျောင်းသူကျောင်းသားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အသိပညာပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးစစ်ဆေးခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်ရောင်းချသူများကို ကျန်းမာရေးစစ်ဆေးခြင်းများ လစဉ်လုပ်ဆောင်နေသည်ဟု ဆိုသည်။

ထိုသို့အပတ်စဉ်လတိုင်း စစ်ဆေးမှုများပြုလုပ်နေသော်လည်း ကျောင်းမုန့်ဈေးတန်းနှင့် ကျောင်းပတ်ဝန်းကျင်များတွင် ဆိုးဆေးပါဝင်သည့် တရုတ်မုန့်များ ရောင်းချနေသေးသည်ဟု စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်မြင့်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီကလေးတွေ မစားဖို့တော့ ပြောတော့ပြောနေတာပဲ။ ကလေးတွေကလည်း သူတို့ရတဲ့မုန့်ဖိုးလေးနဲ့ သူတို့ကြိုက်တာလေးတွေ ဝယ်စားနေကြတာပဲ။ နောက်ပြီးတော့ တရုတ်ကလာတဲ့ မုန့်တိုင်းကလည်း အန္တရာယ်ရှိတာတော့ မဟုတ်ဘူး"ဟု ဦးကျော်မြင့်က ပြောပြသည်။

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောကျန်းမာရေးဆိုင်ရာ စံပြအချက်အလက်များ စာအုပ်တွင် ကျောင်းမုန့်ဈေးတန်းသည် သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သောမုန့်ဈေးတန်းဖြစ်ရန် လိုအပ်သည်ဟု ဖော်ပြထားသည်။

ဆိုင်း(ကချင်မြေ)





# Editorial
## အယ်ဒီတာ့အာဘော်

## ငှါစကား နွားရ

မြန်မာစကားမှာစကားပြောခြင်းနဲ့ပတ်သက်ပြီးစကားပုံတွေ အမျိုးမျိုးရှိခဲ့ပါတယ်။ လူတစ်ယောက် စကားပြောတဲ့အခါ သူအမှတ်တမဲ့ ပြောလိုက်တဲ့အတိုင်း နောက်ဆက်တွဲတစ်ခုခု ဖြစ်လာခဲ့ရင် စကားနောက် တရားပါလို့သုံးကြတယ်။ စကားပြောသံမှာပါတဲ့ အသုံးအနှုန်းတွေကို ကြည့်ပြီး ဘယ်ဒေသကလို့ ခန့်မှန်းလို့ရတာကို စကား စကားပြောပါများ စကားထဲကဇာတိပြလို့ ဆိုပါတယ်။

ပြောခွင့်ရှိတဲ့သူ လူတစ်ဦးတစ်ယောက်က သူပြောသမျှကို အဟုတ်ထင်၊ ပြောသမျှအမှန်ထင်ပြီး တစ်ဘက်အသံကို နားမထောင်ဘဲ ပြောချင်ရာပြောတာကိုတော့ ငှါစကားနွားရ ပြောတယ်လို့ ပုံခိုင်းနှိုင်းခဲ့ကြတယ်။

အခုတလော မြန်မာနိုင်ငံမှာ ထိပ်ပိုင်းပုဂ္ဂိုလ်တွေဆီကနေ ငှါစကားနွားရပုံစံမျိုးနဲ့ ယုတ္တိမတန်တဲ့ စကားတွေ အတော်ကြားနေကြရပါတယ်။ ကာချုပ်ကတစ်မျိုး၊ အစိုးရကတစ်ဖုံနဲ့ တိုင်းရင်းသားတွေအချင်းချင်းကြား အထက်စီးဆန်ဆန် ဆက်ဆံမှုတွေက ငြိမ်းချမ်းရေးခရီးအတွက် တိုင်းရင်းသားတွေရဲ့ မေတ္တာရောင်ပြန် မဟပ်နိုင်အောင် လုပ်သလိုဖြစ်နေတယ်လို့ သုံးသပ်ချင်ပါတယ်။

တပ်ချုပ်က တိုင်းသိပြည်သိဖြစ်ခဲ့တဲ့ ကောင်းခါးဆရာမလေးနှစ်ယောက်ရဲ့ ပြဿနာနဲ့ ပတ်သက်ပြီး အထောက်အထား ခိုင်ခိုင်လုံလုံမပြပါဘဲ တိုင်းရင်းသားလက်နက်ကိုင်တွေ ကျူးလွန်တယ်လို့ ယိုးစွပ်ခဲ့တယ်။ အစိုးရကလည်း တိုင်းရင်းသားတွေရဲ့ ခံစားချက်ကို မဆန်းစစ်ဘဲ မြန်မာနိုင်ငံထဲက တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူရေးကြိုးပမ်းနေလို့ ကယားပြည်မှာ ဆန္ဒပြတဲ့အထိဖြစ်ခဲ့ရတယ်။ မွန်ပြည်နယ်မှာလည်း အောင်ဆန်းတံတားနဲ့ပတ်သက်လို့ ဖြစ်ခဲ့ပြီးပါပြီ။ အမျိုးသားရင်ကြားစေ့လို့ တွင်တွင်အော်ပြီး ထိပ်ပိုင်းကထင်ရာလုပ်နေတော့ ငြိမ်းချမ်းရေးလမ်းကြောင်းကြီး ဖြောင့်ဖြောင့်တန်းတန်းမသွားမှာ စိတ်ပူလာမိပါတယ်။

တိုင်းရင်းသားတွေရင်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ပြီး နဂိုကတည်းက အသိအမှတ်ပြုမှုရှိနေမှာပါ။ ဒါကို အစိုးရက အာဏာလက်ဝယ်ရနေတဲ့အချိန် အာဏာရှင်ဆန်ဆန် လုပ်နေတဲ့ လုပ်ရပ်တွေက ဗိုလ်ချုပ် ကိုတန်ဖိုးထားမှု၊ လေးစားမှုကို ကျဆင်းစေပါတယ်။

ဒီလုပ်ရပ်တွေက ကျန်တဲ့တိုင်းရင်းသားတွေနဲ့ တစ်ခြမ်းစီဖြစ်နေတဲ့ ဗမာတိုင်းရင်းသားတွေကို လူမျိုးကြီးဝါဒဆိုတဲ့ အမြင်တွေ လျော့ကျမသွားအောင် ဆောင်ရွက်နေသလိုလည်း ရှိလှပါတယ်။ ဒါတွေက ရှေ့ဆက်ပြီး ကောင်းဖို့ ဖြစ်လာစေမယ့် နည်းလမ်းတွေမဟုတ်တာတော့ အမှန်ပါပဲ။ ရှေ့ဆက်သွားကြမယ့် ဖက်ဒရယ်ပြည် ထောင်စုစနစ်ဆိုတာတွေ၊ လက်ရှိကျင့်သုံးနေတဲ့ ဒီမိုကရေစီဆိုတာတွေနဲ့လည်း အံဝင်ခွင်ကျမဖြစ်လှပါဘူး။

အထောက်အထားမရှိတဲ့ စွပ်စွဲချက်တွေ၊ အာဏာရှင်ဆန်တဲ့အပြုအမူတွေကြောင့် တိုင်းရင်းသားအချင်းချင်းကြားမှာ ခပ်ပါးပါးသာရှိနေတဲ့ စည်းလုံးညီညွတ်ရေးကို ထိခိုက်မှာစိုးပါတယ်။ မိမိတို့ရဲ့ မဆင်မခြင်ပြောဆိုပြုမူမှုကြောင့် သွေးစည်းညီညွတ်ရေးအတွက် ရှေ့က ကြိုးစားခဲ့သမျှတွေ သဲထဲကို ရေသွန်ပစ်လိုက်သလို ခဏနဲ့ ပျက်ပျယ်ပျောက်ကွယ်မသွားစေလိုပါ။

မကြာမီအချိန်အတွင်းမှာ ငြိမ်းချမ်းရေးညီလာခံကြီးကလည်း ကျင်းပတော့မှာဖြစ်လေတော့ ဘယ်သူတွေ ဘယ်လိုသွေးထိုးထိုး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်လာဖို့ဆိုရင် တိုင်းရင်းသားတွေ အချင်းချင်းကြား မေတ္တာမပျယ်ရေးကသာ အဓိကပါ။

မြစ်ကြီးနားသတင်းဂျာနယ်

# တစ်သျှူးငှက်ပျောစိုက်ခင်းများကြောင့် ဘိန်းစိုက်ပျိုးမှု လျော့ကျခဲ့ခြင်းမရှိဟုဆို



မြစ်ကြီးနားဇူလိုင် ၃

ကချင်ပြည်နယ်တွင် ယခုနှစ်အတွင်း ဘိန်းခင်းစိုက်ပျိုးမှု ပိုမိုမြင့်တက်လာခဲ့ကြောင်း ကချင်ပြည်နယ် လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့(Pat Jasan)မှ မြစ်ကြီးနားမြို့နယ်အတွင်းရေးမှူး ဦးတန်ဂွန်းက ပြောသည်။

ပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲများပြင်းထန်လာခဲ့ခြင်းကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှု မလုပ်ဆောင်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ မြင့်တက်လာခြင်းဖြစ်သည်ဟုလည်း ၎င်းကပြောသည်။

ဘိန်းစိုက်သည့် ဒေသများတွင် နယ်မြေမအေးချမ်းမှုကြောင့် သွားရောက်မဖျက်ဆီးနိုင်သည့်အတွက် မူးယစ်းဆေးဝါးများကို လွတ်လွတ်လပ်လပ်ရောင်းဝယ်မှု၊ သုံးစွဲမှုများလည်း ပိုမိုမြင့်တက်လာသည်ဟု ဦးတန်ဂွန်းက ပြောသည်။

“ဘိန်းစိုက်ခင်းတွေ လျော့ကျအောင် အပြင်းစားမူးယစ်ဆေးဝါးလို့ သတ်မှတ်ထားတဲ့ ဘိန်းဖြူယာမ အားလုံးပေါ့၊ ပိုပြီးများလာတဲ့ အနေအထားဖြစ်နေတယ်။ ဒါကို ပြည်သူလူထုအနေနဲ့ တိုက်ဖျက်နိုင်ဖို့ဆိုရင် ကချင်ပြည်နယ်မှာ တိုက်ပွဲတွေကဖြစ်နေတော့ တစ်ဘက်မှာ ဒီလုပ်ငန်းကိုလုပ်ရတာ ကသိကအောင့်ဖြစ်တယ်။ ဒါကြောင့် ဒီမူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပိုပြီအောင်မြင်ဖို့အတွက်က စစ်ပွဲတွေ မလုပ်ဖို့လိုတယ်။ တိုက်ပွဲမရှိတဲ့ အချိန်လုပ်ရတာပိုပြီး တွင်ကျယ်တယ်၊ လက်ရှိအစိုးရအနေနဲ့ မူးယစ်းဆေးဝါးတိုက်ဖျက်ရေး တကယ်အောင် မြင်စေချင်တယ်ဆိုရင် စစ်ရေးကိုထိန်းချုပ်ဖို့ လိုပါတယ်”ဟု ဦးတန်ဂွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

Pat Jasan အဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်းက ဘိန်းခင်းတိုက်ဖျက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ၂၀ ၁၇ တွင် မူးယစ်ဆေးဝါးလျော့ကျမှုများ ရှိလာခဲ့သော်လည်း ယခုနှစ်ပိုင်းတွင် ယခင်နှစ်များကဲ့သို့ ပြန်လည်မြင့်တက်လာသည်ဟု ၎င်းတို့၏စစ်တမ်းအချက်အလက်များအရ သိရှိရကြောင်း ၎င်းကပြောသည်။

“ဒီနှစ် survey အရဆိုရင် ဘိန်းခင်းက အရမ်းများလာတယ်၊ ဘိန်းခင်းလုပ်တဲ့နေရာက တောတောင်တွေမှာပေါ့။ အထူးသဖြင့် ဆဒုံး-ကန်ပိုင်တည် ဝိုင်းမော်ဘက်ပိုင်းမှာပေါ့၊ ဒီနှစ်မှာ ဘိန်းခင်းတွေက ပြည်သူ့စစ်နဲ့ BGF(နယ်ခြားစောင့်တပ်)ဧရိယာထဲမှာကိုအများကြီး ဘိန်းခင်းမြင့်တက်လာတယ်”ဟု ဦးတန်ဂွန်းက ဆက်လက်ပြောဆိုသည်။

ဝိုင်းမော်မြို့နယ် အတွင်းတွင် တစ်သျှူးငှက်ပျောစိုက်ခင်းများ ရှိလာခြင်းကြောင့် ဘိန်းခင်းစိုက်များ လျော့ကျလာခဲ့သည်ဟု ဇွန်လ ၂၀ ရက်က ကချင်ပြည်နယ်အစိုးရရုံးသတင်းစာရှင်းလင်းပွဲတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောကြားခဲ့သည်။

“ဘိန်းခင်းစိုက်ပျိုးဧရိယာလျော့လာတယ် လျော့လာတယ်ဆိုတာက ဟိုဘက်ကမ်းက ပြည်သူတွေ လာလာပြီးတော့ သတင်းပို့တာရှိတယ်။ ငှက်ပျောစိုက်တဲ့အတွက် ဘိန်းခင်းစိုက်ပျိုးတဲ့ဘက်ကဟာက အလုပ် သမားရှာရခက်လာတယ်။ အရင်တုန်းကတော့ တစ်သျှူးငှက်ပျော ဘာညာ မရှိတဲ့အချိန်မှာတော့ ဘိန်းခင်းဘက်မှာပဲ ဒေသခံတွေက အလုပ်အကိုင်ရရှိရေး စားဝတ်နေရေးအတွက်ဆိုပြီးမှ အဲ့ဒီဘက်သွားပြီးတော့ အလုပ်လုပ်တာများတယ်။ အခုက ဘာဖြစ်လာသလဲဆိုတော့ အဲ့ဒီဘိန်းခင်းက ဝေးလည်းဝေးတယ်။ အန္တရာယ်လည်းရှိတယ်ဆိုတဲ့အခါကျတော့ အဲဒီဘိန်းခင်းဘက်မသွားတော့ဘူး။ ဘိန်းခင်းစိုက်တဲ့သူတွေက အလုပ်သမား ပြဿနာတွေဖြစ်လာတယ်။ ဒါကို ကျွန်တော်ကြားတယ်။ ဒါက အကျိုးကျေးဇူးတစ်ခုပေါ့လေ။ ဘိန်းခင်းတော့လျော့သွားပြီ”ဟုသတင်းသမားများ၏ မေးမြန်းမှုကို ဝန်ကြီးချုပ်က ထိုသို့ပြန်လည်ဖြေကြားခဲ့သည်။

တစ်သျှူးငှက်ပျောများ စိုက်ပျိုးလာခြင်းကြောင့် ဘိန်းခင်းများလျော့နည်းလာသည်ဟုပြောဆိုခဲ့ခြင်းအပေါ် ပတ်ဂျဆန်အဖွဲ့က “ငှက်ပျောစိုက်ခင်းတွေကို ပြန်ကြည့်ရင် ဝိုင်းမော်မြေပြန့်ပိုင်းမှာ ဖြစ်နေတယ်။ အရင်တုန်းက ဘိန်းခင်းမရှိတဲ့နေရာမှာ၊ နေရာချင်းတော့မတူဘူး။ တစ်ဘက်မှာ ဘိန်းခင်းကများလာတယ်။ အရင်နှစ်ထက်ပိုပြီးတော့ အရမ်းများတယ်။ ဒီနှစ်ဆိုတော့ တစ်ဘက်မှာ ငှက်ပျောစိုက်ခင်းတွေလည်း အရင်ကထက်ပိုပြီးများလာတယ်။ ဘိန်းခင်းလည်းများလာတယ်။ ဒါကိုကြည့်ရင်နံပါတ်တစ်က ငှက်ပျောခြံရှိလာလို့ ဘိန်းခင်းလျော့လာတယ်ဆိုတာက အဲ့ဒါက ကျွန်တော်ကောက်ယူထားတဲ့ အချက်အလက်အရ အဖြေက ကွဲလွဲနေတယ် လို့ပြောရမယ်” ဟု ဦးတန်ဂွန်းက သုံးသပ်ပြောဆိုခဲ့သည်။

Pat Jasan အဖွဲ့သည် ၂၀၁၄ ခုနှစ်မှ စတင်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို လူထုအင်အားဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွင်းက တနိုင်း၊ ပူတာအို၊ ဝိုင်းမော်မြို့နယ်တို့မှ ဘိန်းစိုက်ခင်း ဧက ၆၀၀၀ ကျော်ကို သွားရောက်ဖျက်ဆီးခဲ့သည်။

Salai

# ကချင်ပြည်နယ် စစ်ရှောင်စခန်းများတွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် တွေ့ရှိချက်များနှင့် စပ်လျဉ်းပြီး လူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်

မြစ်ကြီးနား၊ ဇူလိုင် ၂

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်စခန်းများတွင် နေထိုင်သော ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို နိုင်ငံတော်မှ ကူညီဖြည့်ဆည်းပေးသင့်ကြောင်း ဇွန်လ ၂၆ ရက်နေ့တွင် သတင်းထုတ်ပြန်ကြေညာခဲ့သည်။

လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အတွင်းရှိ နမ္မတီး၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ကားမိုင်းမြို့များတွင် တိမ်းရှောင်ခိုလှုံနေသော စစ်ရှောင်ပြည်သူများထံ ဇွန်လ၂၁ -၂၂ရက်နေ့က သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြရာ စစ်ရှောင်ပြည်သူများကြုံတွေ့နေရသည့်အခက်အခဲများမှာ သားသမီးများကျောင်းထားရန် တာဝန်ရှိသူများက စီစဉ်ပေးထားသော်လည်း ငွေကြေးမရှိသဖြင့် အခြားလိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ခြင်း၊ သန့်ရှင်းသောသောက်ရေသန့် မရရှိခြင်း၊ ချိုးရေမသန့်ရှင်းခြင်း၊ ဆောက်လုပ်ထားသော အိမ်သာနှင့်လူဦးရေ လုံလောက်မှုမရှိခြင်း၊ စစ်ရှောင်စခန်းတွင် လာရောက်လှူဒါန်းသည့် အလှူရှင်များမှာ ဆန်နှင့်ပဲကိုသာ အဓိကလာရောက်လှူဒါန်းကြသဖြင့် အခြားဟင်းလျာများမရရှိခြင်း၊ ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ်မရှိခြင်း စသည့်တွေ့ရှိချက်များကို နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ပေးသင့်ကြောင်းနှင့် နိုင်ငံတကာအကူအညီများထံမှ လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကိုလည်း ၎င်းတို့ထံရောက်ရှိရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် ကချင်ပြည်နယ်အစိုးရမှ တာဝန်ရှိသူများ၊ ယင်းဒေသလုံခြုံရေးအတွက်တာဝန်ယူထားသည့် တပ်မတော်မှတာဝန်ရှိသူများသည်သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းကာ ဒေသတွင်းလွတ်လပ်စွာ သွားလာနေထိုင်ရေး ဒေသခံပြည်သူများ တောင်ယာနှင့် လယ်ယာလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်စားသောက်နေထိုင်ရေးတို့ကို ဆောင်ရွက်ပေးသင့်ကြောင်းတိုက်တွန်းထားသည်။

ထို့အပြင် တိုက်ပွဲဖြစ်ရာဒေသမှ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းပြည်သူများသည်လည်း အခက်အခဲပေါင်းများစွာ ရင်ဆိုင်ခံစားနေရသဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စောလျင်စွာ ဖော်ဆောင်သင့်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။




မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များသည် ဇွန်လ ၂၁ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ လမ်းခွရွာရှိ ကေဘီစီနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှ စစ်ရှောင်စခန်း၊ ရိုမန်ကက်သလစ်ခရစ်ယာန်ဘုရားကျောင်းရှိ စစ်ရှောင်စခန်း၊ အေဂျီအသင်းတော်စစ်ရှောင်စခန်း၊ မိုးကောင်မြို့ဦးရပ်ကွက်ရှိ စစ်ဘေးရှောင်စခန်း၊ ကားမိုင်းမြို့ရှိ လဝါးနှင့်လိုင်နောင်းရိုမန်ကက် သလစ်ခရစ်ယာန်ဘုရားကျောင်းရှိ စစ်ရှောင်ဒုက္ခသည်စခန်းနှင့်ဇွန် ၂၂ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်ရှိ ဂျော်မဆတ်ကေဘီစီနှစ်ခြင်းအသင်းတော်ရှိစစ်ရှောင်ဒုက္ခသည်စခန်း၊ တြီနီတီကေဘီစီနှစ်ခြင်းအသင်းတော်ရှိ စစ်ရှောင်ဒုက္ခသည်စခန်း၊ တန်ဖရဲကက်သလစ် စစ်ရှောင်ဒုက္ခသည်စခန်း၊ ဝိုင်းမော်ဇုံနယ်နှစ်ခြင်းခရစ်ယာန်သာသနာဝင်းရှိ စစ်ရှောင်ဒုက္ခသည်စခန်းတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှု ရှိမရှိကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆန်လတ်

# အဝတ်အစားကြောင့် မုဒိမ်းမှုဖြစ်တာလား

“ကိုယ်တွေတောင် မုဒိမ်းကျင့်ချင်စိတ်ပေါက်ပြီ'' “သူလုပ်မှပဲ ၃၇၆ ကို ဖိတ်ခေါ်နေသလို''ဆိုတဲ့ မှတ်ချက်တွေနဲ့ ဘိုရာ ခေါ်မသက်သက်ဝေရဲ့ပုံဟာ လူမှုကွန်ရက်စာမျက်နှာ ပျံ့နှံ့နေခဲ့ပါတယ်။

ကာယဗလမယ်တစ်ဦးအဖြစ် လူသိများတဲ့ဘိုရာဟာ “မုဒိမ်းမှုမှန်သမျှ ထိရောက်စွာ အရေးယူပါ”ဆိုတဲ့ လှုပ်ရှားမှုမှာပါဝင်ခဲ့စဉ် ဘောင်းဘီတိုနဲ့ အင်္ကျီချိုင်းပြတ်ဝတ်ပြီး စာစောင်တွေ ဖြန့်ဝေနေတဲ့ပုံတွေကို လူမှုကွန်ရက်စာမျက်နှာက လူတချို့က ဖြန့်ဝေခဲ့တာပါ။ ချိုင်းပြတ်နဲ့ဘောင်းဘီတိုဝတ်ပြီး လှုပ်ရှားမှုလုပ်ရင် ပတ်ဝန်းကျင်က ဘယ်လိုတွေးကြမလဲ၊ ဘယ်လိုမြင်ကြမလဲဆိုတာ သိလိုတဲ့စိတ်ကြောင့် ဒီလိုဝတ်လိုက်တာဖြစ်တယ်လို့ ဘိုရာက ဆိုပါတယ်။

ဘိုရာဟာ ချိုင်းပြတ်နဲ့ ဘောင်းဘီတိုဝတ်ဆင်လို့ အိမ်ကနေစထွက်ချိန်ကစပြီး လမ်းတစ်လျှောက်လုံး လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု (Sexual Harassment)လုပ်ကြတာကို ခံရကြောင်း၊ ဖြတ်သွားသမျှ ယောကျ်ားအများစုက ''ဝတ်မနေပါနဲ့တော့ကွာ'' “လန်းတယ်နော်. . လှချက်” စတဲ့ နှုတ်သရမ်းမှုတွေ လုပ်ဆောင်ခဲ့တယ်လို့ ဆိုပါတယ်။

“မိန်းကလေးတွေ ဘယ်လို ဝတ်နေဝတ်နေ စနောက်ခံနေရတာပါပဲ။ ဘိုရာဘောင်းဘီရှည်၊ စကပ်ဒူးဖုံးဝတ်လည်း စချင်ရင် စနောက်ခံရတာပဲ။ ကျမအဝတ်အစားနဲ့ ပတ်သက်ပြီး အတိုက်အခံလုပ်တာ ယောကျ်ားလေးတွေများတယ်”လို့ ဘိုရာကပြောပြပါတယ်။

ဆက်လက်ပြီး ဘိုရာဟာ ဘောင်းဘီတိုနဲ့ အင်္ကျီချိုင်းပြတ်ဝတ်ပြီး လက်ကမ်းစာစောင်တွေ ဖြန့်ဝေနေချိန်မှာ ဖြတ်သွားသမျှ ယောကျ်ားကြီးငယ်အရွယ်မရွေး အများစုက မုဒိန်းမှုပပျောက်ရေးအတွက်လည်းပြောသေးတယ်. . ဝတ်ထားတာက ဘယ်လိုကြီးလဲဟ”ဆိုတဲ့ အကြည့်တွေနဲ့ လက်ကမ်းပေးတဲ့ စာစောင်ကို လှမ်းယူရင်း ဘိုရာ့ကိုအကြည့် ပေါင်းတစ်ထောင်နဲ့ ကြည့်ခဲ့ကြတယ်လို့လည်း ဘိုရာက ပြန်လည်ပြောပြပါတယ်။

စိတ်မကောင်းစရာကတော့ မြန်မာနိုင်ငံမှာ မုဒိန်းမှုဖြစ်ပွားနေတာတွေနဲ့ ပတ်သက်လို့ အမျိုးသမီးတွေ အရက်သေစာသောက်စားလို့၊ အဝတ်အစားအတိုအပြတ်တွေ ဝတ်ဆင်လို့ မုဒိမ်းမှုတွေ တိုးပွားလာရခြင်းဖြစ်တယ်ဆိုတဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကောက်ချက်နဲ့ သတင်းထုတ်ပြန်ချက်ပဲဖြစ်ပါတယ်။




> “အမျိုးသားတွေကို မယုံရဘူးဆိုတဲ့ စိတ်ထားမျိုးရှိနေမယ်ဆိုရင် ကျနော်တို့အမျိုးသားဂုဏ်ကို ထိခိုက်သလို အမျိုးသမီးတွေဘဝလည်း ဘယ်တော့မှ လုံခြုံမယ်မထင်ဘူး။ စိတ်ထားက အရမ်းအရေးကြီးတယ်””

မုဒိမ်းမှုတွေ ကျူးလွန်ရတဲ့ အဓိကအကြောင်းရင်းက မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုကြောင့်ဖြစ်လို့ ဒါကို ဆရာသမား၊ လူကြီးမိဘနဲ့ မီဒီယာတွေက ဝိုင်းဝန်းတည့်မတ်ပေးကြရမယ်လို့ ရဲတပ်ဖွဲ့ကလည်း ထုတ်ပြန်ခဲ့ပါသေးတယ်။

ဒါ့အပြင် အစိုးရသတင်းစာတွေမှာလည်း အမျိုးသမီးတွေ ဝတ်စားဆင်ယင်မှု မတတ်တဲ့အတွက် အဝတ်အစားလုံခြုံအောင် အရင်ဝတ်ပါဆိုတဲ့ ကာတွန်းသရုပ်ဖော်ပုံတွေ ပါလာတဲ့အပေါ်မှာလည်း လူတွေက ဝေဖန်နေကြပါတယ်။

အမျိုးသမီးတွေ ဝတ်စားဆင်ယင်မှုကြောင့် မုဒိမ်းမှုဖြစ်ပွားရတယ်ဆိုတဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ကို လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေက ကန့်ကွက်ရှုတ်ချခဲ့ကြပါတယ်။

လူ့အခွင့်အရေး လှုပ်ရှားနေတဲ့ ညီမျှခြင်းမြန်မာဒါရိုက်တာဦးအောင်မျိုးမင်းက “ကျနော်တို့ကတော့ ဒီလိုသုံးသပ်ချက်ကိုမှားယွင်းတယ်လို့ယူဆတယ်။ ကျူးလွန်တဲ့သူအပေါ်မှာ အများကြီးပေါ်မူတည်တယ်။ မိန်းကလေးဆိုရင် ကျူးလွန်လို့ရတယ်။ “ကလေးဆိုရင် ကျူးလွန်လို့ရတယ်” ဆိုတဲ့ စိတ်ထားမျိုး ရှိနေရင်တော့ ကျူးလွန်မှာပဲ”လို့ ဆိုပါတယ်။

ဆက်လက်ပြီး ဦးအောင်မျိုးမင်းက “အဝတ်အစားကို ပြောရင် အဝတ်အစားလုံလုံခြုံခြုံဝတ်ထားရင် မုဒိမ်းမှုမဖြစ်ဘူးလား။

အဝတ်အစားကြောင့် ဖြစ်တယ်ပြောရင် အသက်(၃)နှစ်အောက်ကလေးတွေကို ကျူးလွန်တာကို ဘယ်လိုပြောမှာလဲ။ ကလေးကမြူဆွယ်ဖို့လည်း အကြောင်းမရှိဘူး။ ကျူးလွန်ခံရတဲ့သူအပေါ်မှာထက် ကျူးလွန်တဲ့သူစိတ်ထားက ပိုပြီးတော့ အဓိကကျတယ်”လို့ ပြောပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ အမျိုးသမီးတွေ ဝတ်စားဆင်ယင်မှုမတတ်တဲ့အတွက် အမျိုးသမီးတွေကို စော်ကားချင်တဲ့စိတ်တွေဖြစ်လာတယ်ဆိုတဲ့ စွဲဆော်မှုကြောင့် မုဒိမ်းမှုပိုများလာတယ်လို့ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေက ထောက်ပြပြောဆိုပါတယ်။

အမျိုးသမီးတွေကို ဘယ်လိုစိတ်ထားပဲရှိရှိ စော်ကားစရာမဟုတ်ဘူးဆိုရင် အမျိုးသမီးဘဝ ပိုပြီးလုံခြုံလာမယ်လို့လည်း သူတို့က ထပ်မံပြောပါတယ်။

“အမျိုးသားတွေကို မယုံရဘူးဆိုတဲ့ စိတ်ထားမျိုးရှိနေမယ်ဆိုရင် ကျနော်တို့အမျိုးသားဂုဏ်ကို ထိခိုက်သလို အမျိုးသမီးတွေဘဝလည်း ဘယ်တော့မှ လုံခြုံမယ်မထင်ဘူး။ စိတ်ထားက အရမ်းအရေးကြီးတယ်”လို့လည်း ဦးအောင်မျိုးမင်းက ဆက်လက်ပြောပါတယ်။

ဆက်လက်ပြီး Justice House (တရားဥပဒေစိုးမိုးရေးနဲ့တရားမျှတမှုစီမံချက်)မန်နေဂျာ ဦးဝေမိုးလှိုင်က “အမျိုးသမီးတွေ အဝတ်အစားရွေးချယ်ဝတ်တာကတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကြောင့်ပါပဲ။ ဒီလိုမုဒိမ်းမှုတွေ ဖြစ်လာတာကို လက်မခံဘူး။ အမျိုးသမီးတွေ ဘယ်လိုဝတ်စားနေပါစေ၊ အမျိုးသားတစ်ယောက်က ထိန်းသိမ်းသင့် ထိန်းသိမ်းထိုက်တဲ့ ကိုယ်ကျင့်တရားမြဲမယ်ဆို မုဒိမ်းမှုကဖြစ်လာမယ် မထင်ဘူး”လို့လည်း မှတ်ချက်ပြုလိုက်ပါတယ်။

မြန်မာလူ့ဘောင်မှာ ယဉ်ကျေးမှုဓလေ့ထုံးစံဆိုတဲ့ ရှေးရိုးစွဲအယူအဆတွေနဲ့ တစ်ဖက်ပိတ်အမြင်တွေ လူ့အဖွဲ့အစည်းမှာ လွှမ်းမိုးနေတဲ့အတွက် ဒီလိုအမြင်တွေကို အခြေခံပြီး ပြည်ထဲရေးက ထုတ်ပြန်တယ်လို့ ယူဆကြောင်းလည်း ဦးဝေမိုးလှိုင်က ပြောပါတယ်။

လူတစ်ယောက်ချင်းစီ ကြီးပြင်းလာတဲ့ အသိုင်းအဝန်း၊ ခံယူချက်တွေ မတူညီကြဘဲ သင်ကြားပေးတဲ့ ပညာရေးစနစ်နဲ့ ရရှိတဲ့ဗဟုသုတတွေ တွေအပေါ်လည်း မူတည်ကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံး တဖြည်းဖြည်းနဲ့ ပြောင်းလဲလာဖို့ လိုအပ်ကြောင်းလည်း ဦးဝေမိုးလှိုင်ကဆိုပါတယ်။

လိင်ပိုင်းဆိုင်ရာ စော်ကားမှုဖြစ်လာရင်“ဘယ်လိုဆောင်ရွက်သင့်ကြောင်းနဲ့ ဘယ်သူတွေကို အကူအညီတောင်းသင့်လဲ”ဆိုတဲ့ အသက်အရွယ် ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ပုံစံမျိုးနဲ့ အသိပညာပေးမှုတွေ အများကြီးလိုအပ်ကြောင်းလည်း လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူတွေက ပြောပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသမီးတွေကို မိဘတွေက စသင်ကြားတဲ့နေရာမှာ မှားယွင်းမှုတွေ ရှိနေကြောင်း၊ မိန်းမကောင်းဆိုရင် “ဗိုင်းကောင်းကျောက်ဖိ”ဖြစ်နေရမယ်ဆိုတဲ့ အယူအဆတွေကလည်း ပြောင်းလဲသင့်ကြောင်း ဘိုရာက ဆိုပါတယ်။

မြန်မာနိုင်ငံမှာ သားယောကျ်ားလေး မွေးဖွားလာရင် မိဘတွေလက်သုံးစကားဖြစ်တဲ့ “သားယောကျ်ားလေးပဲကွာ၊ ဘာဖြစ်လဲ လုပ်ပါစေ”ဆိုတဲ့စကားတွေနဲ့ သင်ကြားမှုကြောင့် မိန်းကလေးအပေါ် လေးစားမှုမရှိတော့ကြောင်း ဘိုရာက ထောက်ပြပါတယ်။

“အဓိကက စိတ်ဓါတ်ကိုပါ။ အမျိုးသမီးတွေ ဝတ်စားဆင်ယင်မှုကြောင့် မုဒိန်းမှုများလာတယ်ဆိုရင် သက်ငယ်မုဒိန်းမှုတွေများလာတာ၊ လမ်းဘေးကလေးတွေ အနိုင်ကျင့်ခံရတာတွေ၊ အဘွားအရွယ် မိန်းမသားတွေ၊ စိတ်ပုံမှန်မဟုတ်သူတွေကအစ အနိုင်ကျင့်ခံရတဲ့အမှုတွေ အဲဒါက ဘာတွေလဲ၊ ဘာကြောင့်ဖြစ်နေကြရတာလဲ”လို့ ဘိုရာက မေးခွန်းထုတ်လိုက်ပါတယ်။

ဆက်လက်ပြီး ဘိုရာကတော့ မုဒိမ်းမှုနဲ့ပတ်သက်ပြီး စိတ်ဆန္ဒမှာ ထကြွလာပြီ။ အဲဒီမိန်းခလေးကို ကျူးလွန်ဖို့ဆိုတာ မလွယ်ကူလောက်ဘူး။ ဒါပေမယ့် သူတို့စိတ်ဆန္ဒကို ဖြေဖျောက်မယ့် သူတို့လက်သင့်ရာ၊ သူတို့ရဲ့အနီးရှိရာ အနေအထိုင်၊ လုံလုံခြုံခြုံ အနေအထိုင် ရိုးရိုးအေးအေးနေတဲ့ သူတွေသည် သူတို့အတွက် သားကောင်ဖြစ်ချင် ဖြစ်သွားနိုင်တယ်။ မလုံမခြုံဝတ်စားခြင်းသည် သူတို့ရဲ့စိတ်ခံစားမှုကို ဆွပေးလိုက်တဲ့သဘောပဲ”လို့ ပြောဆိုလိုက်ပါသေးတယ်။

မြန်မာတစ်နိုင်ငံလုံး ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့ အဓမ္မပြုကျင့်မှု(၁၄၀၀)ကျော်ရှိပြီး၊ မုဒိမ်းမှုတွေဟာ တစ်ရက်ကို(၃)မှုနှုန်း၊ သက်ငယ်မုဒိမ်းမှု တစ်ရက်လျှင် အနည်းဆုံး(၂)မှုနှုန်းနဲ့ဖြစ်နေကြောင်းပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါတယ်။ သက်ငယ်မုဒိမ်းမှုဟာ ၂၀၁၆ အတွင်းက (၆၇၁)မှုသာ ဖြစ်ပွားခဲ့ပေမယ့် ၂၀၁၇ ဖြစ်ပွားမှုနှုန်းဟာ ယခင်နှစ်ထက်(၂၂၆)မှု ပိုမိုဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။




“တရားဥပဒေကတော့ သေဒဏ်ပေးရင်ပေး၊ မပေးရင် တစ်သက်တစ်ကျွန်း ပြန်မထွက်လာဖို့ပါပဲ”လို့ ထောက်ပြလိုက်ပါတယ်။

ဒါတွေအပြင် ဖေဖော်ဝါရီ(၂၄)ရက်နေ့ ဒီဗွီဘီ debate အစီအစဉ်မှာလည်း အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးဥပဒေပြုရေးကော်မတီဝင် ဒေါ်ဇာနည်ဝင်းထွန်းက “အမျိုးသမီးတွေ မလုံမခြုံဝတ်လို့ဆိုတဲ့အရာက အပြည့်အဝမမှန်ဘူးဆိုသော်လည်းပဲ တချို့တစ်ဝက် မှန်သင့်သလောက် မှန်တယ်လို့ ပြောချင်တယ်။ မလုံမခြုံဝတ်ပြီး အပေါ်ပိုင်းဖော်၊ အောက်ပိုင်းဖော်လိုက်တာနဲ့ ယောကျ်ားလေးတွေရဲ့

မြန်မာလူ့အဖွဲ့အစည်းရဲ့ အယူသည်းမှုကြောင့် ပြဿနာဖြစ်လာရင် အဖြေရှာဖို့ မကြိုးစားပဲ တရားခံရှာပြီး အပြစ်တင်မှု။ တာဝန်ခံမှု၊ တာဝန်ယူမှုမရှိတဲ့ အစိုးရလုပ်နည်းလုပ်ဟန်များနဲ့ ဝေဖန်ထောက်ပြစရာတွေ ဖြစ်နေပါတယ်။

“ပြည်ထဲရေး ထုတ်ပြန်ချက်က အမျိုးသမီးတွေကို နှိမ့်ချသလို အမျိုးသားတွေကို မြှောက်ပေးသလိုပါပဲ။ ဘာလို့လဲဆိုတော့ အမျိုးသမီးတွေကို အိမ်အပြင် မထွက်အောင်လုပ်နေသလိုပါပဲ”လို့ ကာယဗလမယ် ဘိုရာ(ခေါ်)မသက်သက်ဝေက မှတ်ချက်ပြုလိုက်ပါတယ်။

**နန်းဆိုင်နွမ် /hiburma.net**

# ပြည်ထောင်စုမယ် ပူတာအို ခင်သန်းနု

အင်ခိုင်ဘွမ်

ယခုခေတ်တွင် ပူတာအိုသို့ နိုင်ငံကျော်မင်းသမီးတစ်ဦး၏ဓာတ်ပုံ၊ ပြက္ခဒိန်များရောက်ရှိရန်မှာ ခက်ခဲလှသော ကိစ္စတစ်ခု မဟုတ်တော့ပေ။ သို့သော် လွန်ခဲ့သည့် ၅၀ ခန့်ကဆိုလျှင်မူ အလွန်ခက်ခဲသော ကိစ္စတစ်ခုဖြစ်ခဲ့ပေမည်။ စစ်ပြီးခေတ်မြန်မာရုပ်ရှင်လောကတွင် မယ်ဘွဲ့ရပြီးမှ မင်းသမီးဖြစ်လာသူမှာ မုဒုံမယ်တင်တင်မူဖြစ်သည်။ မယ်ဘွဲ့ရရှိပြီး ဒုတိယမြောက် ရုပ်ရှင်နယ်ထဲသို့ ဝင်လာခဲ့သူမှာ ရှန်ဟဲမယ်မေရီမြင့်ဖြစ် သည်။ တတိယမြောက် ရုပ်ရှင်လောကထဲဝင်လာသူမှာ ပြည်ထောင်စုမယ်ခင်သန်းနုပင်ဖြစ်သည်။ ခင်သန်းနုသည် ရုပ်ရှင်ထဲမဝင်မီမယ်အဖြစ်အရွေးခံရသည်။ ဦးစွာပထမ ရမည်းသင်းခရိုင်မယ်ဘွဲ့ရသည်။ ထို့နောက်မန္တလေးတိုင်းမယ်ရွေးပွဲတွင် ပထမရသည်။ ဥတ္တရမယ်ရွေးပွဲ တွင် လည်း ပထမရပြန်သည်။ ရန်ကုန်ဆင်းလာပြီး ၁၉၆၁ ခုနှစ်တွင် ပြည်ထောင်စုမယ်ဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ခင်သန်းနု၏ မျက်နှာကျလေးသည် ဆွဲဆောင်မှုရှိသည်။ ကိုယ်လုံးကိုယ်ထည်လေးကလှသည်။ အချိုးအစားပြေပြစ်သည်။ နှုတ်ခမ်းလေးကထူးထူးခြားခြားဆွဲ ဆောင်မှုရှိသည်။ သွက်လက်၍ ခေတ်ဆန်သူလေးဖြစ်သည်။ တင့်လှပေဟန်၊ ချစ်သောသူတစ်ယောက်၊ အဏ္ဏဝါ၊ တစ်မိုးတစ်မြေ၊ မောင်တို့ချယ်ရီမြေစသည့် ရုပ်ရှင်ကားများတွင် မင်းသမီးအဖြစ် သရုပ်ဆောင်လိုက်သည်။ ပထမဆုံးပိတ်ကားပေါ်မြင်လိုက်ရသော ပြည်ထောင်စုမယ်၊ ရုပ်ချောချော ခင်သန်းနုကို ရုပ်ရှင်ပရိသတ်က တစ်ခဲနက် အားပေးခဲ့ကြသည်။ ထိုထဲတွင် ပူတာအိုမှကျောင်းသူ၊ ကျောင်းသားလေးများလည်း ပါဝင်သည်။ ပူတာအိုတွင် ခင်သန်းနုပရိတ်သတ်များ ရှိသည်။ သို့သော် မြစ်ကြီးနားရောက်မှသာ ရုပ်ရှင်ကြည့်၍ အားပေးကြရသည်။

မင်းသမီးသစ်လေး ခင်သန်းနုသည် မောင်တို့ချယ်ရီမြေဇာတ်ကားတွင်တော့ မင်းသားဝင်းဦးနှင့်အတူ အဝေဖန်ခံရသည့်ထဲပါသွားခဲ့သည်။ အနောက်တိုင်းမှ ကူးယူထားသည့် အက၊ အပြ၊ အဆိုနှင့်အခြား မပီပြင်မှုများကြောင့်ဟုဆိုကာ ဆောင်းပါးရှင် ၅၀ ကျော်လောက်က ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။ ရုပ်ရှင်သွားကြည့်သည့် ဗိုလ်တထောင်သတင်းစာမှ ဆရာကြီးသိန်းဖေမြင့်ကတော့ "ခင်သန်းနုကိုလည်း အတော်သဘောကျသွားတယ်"ဟု ဆိုခဲ့သည်။ မင်းသမီးချောလေး ခင်သန်းနုသည် ရုပ်ရှင်လမ်းပေါ်ဆက်လျှောက်ရင်း ၁၉၆၇ ခုနှစ်တွင် ကိုယ်ရယ် တိုးရယ် စိုးစိုးရယ် ရုပ်ရှင်ကားကြီးဖြင့် အကယ်ဒမီရခဲ့သည်။ ဆရာကြီးသိန်းဖေမြင့်သည် ၁၉၇၀ - ၇၁ ခုနှစ် စာဆိုတော်ရာသီတွင် ကချင်ပြည်နယ်သို့ခရီးထွက်ရင်း ပူတာအိုသို့လည်း ရောက်ခဲ့သည်။ အ. ထ. က ကျောင်းအုပ်ဆရာမကြီးအိမ်တွင် စားသောက်သည်။ "ဧည့်ခန်းကိုဝင်မိသည်နှင့် တစ်ပြိုင်နက် ပြက္ခဒိန်များမှာလည်း အပြင်အဆင်အမျိုးမျိုး၊ အမူအရာအမျိုးမျိုးနှင့် ရုပ်ရှင်မင်းသမီး ခင်သန်းနု၏ပုံများချည်းဖြစ်နေလေသည်"ဟူ၍ အံ့ဩခဲ့ရသည်။

ဆရာမကြီးက ပြက္ခဒိန်ချိတ်ရာနေရာတစ်ခုသို့သွားပြီး ပြက္ခဒိန်အထပ်ကြီးကို လှန်ပြကာ "ဟုတ်တယ်ဆရာရဲ့၊ ဒီမှာတောင်ရှိသေးတယ်။ ချိတ်စရာမရှိလို့ ထပ်ထားရတယ်။ ခင် သန်းနု ပုံ တွေ ချည်းပဲ ။ ကျောင်းသူကျောင်းသားတွေက လက်ဆောင်ပေးကြတာပါဆရာရယ်"ဟု ဆိုသည်။

"ဆရာမကြီးတို့ ပူတာအိုက ခင်သန်းနု အကြိုက်များသလား"

"ဟုတ်ကဲ့ သဘောကျတယ်ဆရာရဲ့"

"အမြဲတမ်းရုပ်ရှင်တော့ မရှိသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့။ အမြဲတမ်း ရုပ်ရှင်တော့ မရှိသေးပါဘူး။ မကြာခင်ရှိပါတော့မယ်။ လူကြီးတွေကြိုးစားနေကြပါပြီ။ ခုတော့ တစ်ခါတရံ အထူးပြတဲ့ ရုပ်ရှင်ပွဲသာ ရှိပါတယ်။ မြစ်ကြီးနားသွားတဲ့ လူတွေကတော့ များများကြည့်ရတာပေါ့ဆရာ"

ဆရာကြီးသိန်းဖေမြင့်သည် ထမင်းပွဲပြင်ပေးနေသော ကျောင်းသူလေးများကို လှမ်းကြည့်လိုက်သည်။ ခန္ဓာကိုယ်အချိုးအဆစ်လှသော၊ အသားအရည်ဝင်းဝါစိုပြည်နေသော တောင်တန်းသမီးပျိုလေးများကို မြင်လိုက်ရသည်။ ဆံပင်ဆင်ယင် ထုံးဖွဲ့ထားပုံကို သတိပြုမိရာ ပြက္ခဒိန်တစ်ခုမှ ခင်သန်းနုဆံထုံးထုံးထားသည့် အတိုင်းပင် ဖြစ်နေသည်ကို တွေ့ရသည်။ ဆရာကြီးက "တစ်မျိုးတစ်မည် ကြည့်ကောင်းသော နောက်ဆုံးပေါ်ဘီးစပတ်ဆံထုံးပင်ဖြစ်သည်။ ဆံပင်ဆင်ယင်ထုံးဖွဲ့မှုနှင့် အင်္ကျီလုံချည် ဝတ်စားဆင်ယင်မှုအားလုံး ပြက္ခဒိန်ထဲမှ ခင်သန်းနုနှင့် တူနေသောကြောင့် ထိုကလေးမကို ကျွန်တော်က ပူတာအိုမှ ခင်သန်းနုဟုပင် နာမည်ပေးချင်တော့သည်"ဟု ဆိုခဲ့သည်။

ထိုအချိန်တွင် မင်းသမီး ခင်သန်းနုမှာ တောင့်တင်းသန်မာသော အားကစားမယ်ဖြစ်သည့်အတိုင်း ဇာတ်ကြမ်းကားများကိုလည်း ရိုက်ကူးလာသည်။ အထိုးအခုတ်၊ အပစ်အခတ်တို့ကို အပင်ပန်းခံ သရုပ်ဆောင်ခဲ့သည်။ သို့သော် ပူတာအိုပရိသတ်များက အားပါးတရမကြည့်ရှုရ၊ အားမပေးကြရသေးပေ။ အများသောအားဖြင့် ပြက္ခဒိန်များမှ တစ်ဆင့် သာ အားပေးနေခဲ့ရသည်။ ဆရာကြီးသိန်းဖေမြင့်နှင့် မရှေးမနှောင်းပင် ပူတာအိုသို့တပ်ရင်းမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီးပီကျော်ဟန် ပြောင်းရွှေ့လာခဲ့သည်။ ဒုဗိုလ်မှူးကြီး၏ အကြံပေးမှုနှင့်အတူ ပူတာအိုမြို့တွင် ခါကာဘိုရာဇီရုပ်ရှင်ရုံ ပေါ်ပေါက်လာခဲ့သည်။

ခါကာဘိုရာဇီရုပ်ရှင်ရုံ ရုံဝင်ခမှာ ပြား ၅၀ ဖြစ်သည်။ ဈေးနှုန်းအမျိုးအစားမခွဲခြားထား ကြိုက်သည့်နေရာမှ ကြည့် ပြား၅၀ပင်။ မြေကြီးပေါ်တွင် ဖျာကြမ်းခင်း၍ ထိုင်ရသည်။ ထိုအခါတွင်မှ ပူတာအိုမှခင်သန်းနုပရိသတ်များသည် ခင်သန်းနုကို ပိုမိုထိတွေ့လာရသည်။ ပြည်မရှိ ဝတ်စားဆင်ယင်မှု၊ တေးဂီတ၊ ယဉ်ကျေးမှုအခန်းကဏ္ဍများကို သိရှိလာရသည်။ တပ်ရင်းမှူးက "ကျွန်တော်ကင်ပွန်းတပ်ခဲ့သော ခါကာဘိုရာဇီရုပ်ရှင်ရုံကြီးသည် ပူတာအိုမြို့တွင် ပထမဆုံးရုပ်ရှင်ရုံဖြစ်ပြီး ပြခဲ့သောဇာတ်ကားနှင့်ဇာတ်လမ်းဇာတ်ကွက်တို့က ထိုဒေသရှိ ရုပ်ရှင်ကြည့်ပရိတ်သတ် လုပ်သားပြည်သူ (အထူးသဖြင့် လူငယ်အမျိုးသား၊ အမျိုးသမီး)တို့အား တစ်ခေတ်ပြောင်းစေခဲ့ ပါသည်။ ဝတ်စားဆင်ယင်မှုမှအစ ပြောဟန်ဆိုဟန်၊ သွားလာဟန်နှင့် နေပုံထိုင်ပုံတို့တွင် ရုပ်ရှင်သရုပ်ဆောင်များကို တုပလာကြသဖြင့် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုတွေ မြင်တွေ့ရသည်"ဟု အမှတ်ရခဲ့သည်။ ယခုခေတ် ပူတာအိုတွင် မည်သည့်နိုင်ငံကျော်ရုပ်ရှင်မင်းသမီးခေတ်စားနေသည် မသိ။ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ခန့်ကတော့ ပြည်ထောင်စုမယ်၊ ရုပ်ရှင်မင်းသမီးခင်သန်းနု ခေတ်စားခဲ့ဖူးသည်။ ခင်သန်းနု၏ ဆံပင်ဆင်ယင်ထုံးဖွဲ့မှု၊ ဝတ်စားဆင်ယင်မှုများနှင့်အတူ ပြည်ထောင်စုမယ် ခင်သန်းနုနီးနီးလှပကြသော ပူတာအို ခင်သန်းနုလေးများ ပေါ်ပေါက်ခဲ့ဖူးလေသည်။ ပြည်ထောင်စုမယ် ပူတာအိုခင်သန်းနုလေးများပင်။

**ရည်ညွှန်း - မြစ်ဖျားဧရာ ရောင်စုံဖြာ (သိန်းဖေမြင့်) စာရေးသူ၏ ရုပ်ရှင်မှတ်စုများ**


ဟံသာဝတီ
The HANTHAWADDY Daily
သေတွင်းမှလွတ်ပေမင့်
စစ်လျော်ကြေး သန်း ၂၀၀ တိုးရရေး
သံစုံးလို့ဆေး ရုံကြီး သွားတယ်














**တုတ်ထိုး** - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

**အိုးပေါက်** - ဟဲ့၊ လက်ဖက်ရည်ဆိုင်ထွက်လာတာ သရဏဂုံတင်ပြီး လာနေရသလားဗျ။

**တုတ်ထိုး** - သရဏဂုံတင်ပြီး သွားနေရ၊ လာနေရသဗျ။ ကျုပ်တို့မြစ်ကြီးနားမှာ။

**အိုးပေါက်** - ဘာတွေဖြစ်လို့ တုန်း။

**တုတ်ထိုး** - ဘာဖြစ်ရမှာ တုန်းဗျာ။ မနက်ခင်းလေးမှာ ကျန်းမာရေးအရလမ်းလျှောက်တာမြေမြင့်ရပ်ကွက်မန်ကျည်းပင်စားသောက်ဆိုင် လမ်းဘက်ကနေ လမ်းလျှောက်လာခဲ့တာ။ ဓာတ်တိုင်က အောက်ခြေတိုင်က ဆွေးနေပြီ။ ယဲ့ယဲ့ကလေးပဲ ကျန်တော့တယ်။ အဲဒီဓာတ်တိုင်အောက်က ဖြတ်သွားဖြတ်လာပြုနေရတော့ ဘယ်နေ့ဘယ်အချိန် ဓာတ်တိုင်လဲကျမလဲဆိုပြီး ဘုရားတနေရတာ။

**အိုးပေါက်** - အဲဒီတော့ သရဏဂုံ ရွတ်နေရတယ်ပေါ့။

**တုတ်ထိုး** - ဟုတ်ပ့ါ။ ဒီတော့ တာဝန်ရှိတဲ့ လူကြီးမင်းတွေကို စကားပါးလိုက်ချင်ပါတယ်။ မီတာခတွေကိုလည်း ပုံမှန်ကောက်တော်မူကြပါ။ ဆွေးမြေ့နေတဲ့ ဓာတ်တိုင်တွေကို အန္တရာယ်စာရင်းထဲမှာထည့်ပြီး တိုင်တွေ အချိန်မီ ပြုပြင်ပေးတော်မူကြပါခင်ဗျာ။

**အိုးပေါက်** - မြို့မေတ္တာ ရတော့မှာပဲ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဒါနဲ့ စကားမစပ်။ ထိုင်းကကလေးတွေ ပြန်တွေ့ကြတယ်ဆို။

**အိုးပေါက်** - ပြန်တွေ့သတဲ့ဗျ။ ရှာဖွေရေးတွေ၊ ကယ်ဆယ်ရေးတွေ၊ ပြန်လည်ကယ်ထုတ်ရေးတွေကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြတယ်။ ဂူထဲမှာ ရှိတဲ့ ရေတွေကိုစုပ်ထုတ်ခဲ့ကြတယ်။ ခုတော့ ဘေးကင်းကြပါပြီ။

**တုတ်ထိုး** - အဲ့ဒီလို သူများနိုင်ငံကသတင်းတွေ ကြားလေ အဘတွေကို စိတ်နာနာလာတယ်။

**အိုးပေါက်** - ဟဲ့။ ဘာဆိုင်လို့ တုန်း။

**တုတ်ထိုး** - ၂၀၀၈ နာဂစ်တုန်းက ကျုပ်တို့ပြည်သူတွေကို ဒီလိုကူညီကယ်ဆယ်နိုင်ခဲ့ကြရင် ဘယ်လောက်ကောင်းမလဲပြန်တွေးတွေးပြီး ရင်နာနာလာတယ်။

**အိုးပေါက်** - ဟိတ်လူ-နောက်ကြောင်း ပြန်မလှည့်ကြေးဗျာ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။

**အိုးပေါက်** - ထိုင်းက ကလေးတွေကိစ္စမှာ မိုင်းဖုန်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာတရားရဲ့ ထူးခြားဆန်းကြယ်မှုကို လူတွေက ချီးကျူးအံ့သြနေကြတယ်။ မိုင်းဖုန်းဆရာတော်က ကလေးတွေကို မတွေ့ခင်တုန်းက ပြန်တွေ့မယ်လို့ ပြောခဲ့တယ်။ မေတ္တာတွေ ပို့ခဲ့တယ်။ ကလေးတွေကိုလည်း ပြန်တွေ့ခဲ့ကြတယ်။

**တုတ်ထိုး** - ကျုပ်တို့ မြန်မာပြည်သူပြည်သားတွေလည်း ဝိုင်းဝန်းမေတ္တာပို့ခဲ့ကြပါတယ်။ ကိုယ့်ကလေးတွေ ပြန်တွေ့ကြရသလိုမျိုး မြန်မာပြည်သူတွေ ပျော်ခဲ့ကြတယ်။ မြန်မာပြည်သူပြည်သားတွေရဲ့ မေတ္တာတရားကို ပြသနိုင်ခဲ့ကြတယ်။

**အိုးပေါက်** - အင်း။ အဲ့ဒီတော့. . . ဘာပြောချင်တာ တုန်း။

**တုတ်ထိုး** - ခင်ဗျား ဝင်းနဲ့ဇော်ကို မှတ်မိလား။ ဝင်းနဲ့ဇော်တို့ဟာ ထိုင်းအစိုးရလက်ထဲမှာ ဝင်းနဲ့ဇော်ရဲ့အသက်ဟာ သူတို့လက်ထဲမှာ။

**အိုးပေါက်** - ဒီတော့။

**တုတ်ထိုး** - မိုင်းဖုန်းဆရာတော်ဘုရားကြီးကို လျှောက်တင်ချင်တာပါပဲ။ ဝင်းနဲ့ဇော်တို့ရဲ့ အသက်နှစ်ချောင်းကို ဆရာတော်ဘုရားကြီးရဲ့ မေတ္တာတရားနဲ့ လွတ်မြောက်အောင် ကယ်တင်ပေးတော်မူပါဦးဘုရားလို့။

**အိုးပေါက်** - ကျုပ်ကတော့ ဖြစ်နိုင်ရင် မိုင်းဖုန်းဆရာတော်ဘုရားကြီးကို အကူအညီတောင်းချင်တယ်။ ကျုပ်တို့မြန်မာပြည်မှာ မြေမြိုပြီး ပိနေကြတဲ့ မြန်မာပြည်သူတွေရဲ့အသက်တွေကိုလည်း ကယ်တင်ပေးတော်မူပါဘုရား။ မြန်မာပြည်သူတွေရဲ့ဆင်းရဲဒုက္ခတွင်းထဲကနေ ကယ်တင်ပေးတော်မူပါဘုရား။ ၂၀၀၈ ဖွဲ့စည်းပုံကြီးပိနေတဲ့ မြန်မာပြည်သူတွေကို ကယ်တင်ပေးတော်မူပါဘုရား။

**တုတ်ထိုး** - ဝင်းနဲ့ဇော်ကတော့ အလှူခံမှုဖြစ်မယ်။ ကျန်တာကတော့ ကျုပ်တို့ပြည်သူတွေရဲ့ ဝဋ်နာ ကံနာလည်း ဖြစ်နိုင်တာပါပဲဗျာ။

**အိုးပေါက်** - ဒါနဲ့ အခုခင်ဗျား ဘာတွေလုပ်နေလဲဗျ။

**တုတ်ထိုး** - အဆက်မပြတ်ရွာ။ ဘဝက နေပူအစို၊ မိုးရွာအခြောက် ဖြစ်နေရတဲ့ဘဝပါဗျာ။ အလုပ်ကလည်း ဟိုဘက်ဒီဘက် ဖောက်ထွက်မြင်နေရအောင် ပါးသဗျ။

**အိုးပေါက်** - ခင်ဗျား အတှာလုပ်ပါလား။

**တုတ်ထိုး** - ဟဲ့၊ ဘာလုပ်ရမှာ တုန်း။

**အိုးပေါက်** - အခုဆို နိုင်ငံတော်ကြီးက ပြည်သူတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနေတယ်။

**တုတ်ထိုး** - ဟုတ်ရဲ့လား မောင်ကာဠုရယ်။

**အိုးပေါက်** - တကယ်ဗျ။ သမ္မတကြီးကပြောတယ်။ "မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချသူတိုင်ကြားသူကို ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်မယ်" တဲ့ဗျ။

**တုတ်ထိုး** - ဟုတ်လို့လား။

**အိုးပေါက်** - ဟုတ်ပ့ါ။ ကျုပ်တို့မြစ်ကြီးနားသတင်းဂျာနယ်က အယ်ဒီတာချုပ်ကြီးတောင် ဂျာနယ်မထုတ်တော့ဘဲ မူးယစ်ဆေးရောင်းချတဲ့လူတွေကို သတင်းပေးပြီး အလုပ်အကိုင်သစ် ဖန်တီးပေးတော့မယ်ဆိုပဲ။ ကျုပ်တို့ကချင်ပြည်နယ် ဖန်တီးတော့မယ်ဆိုပဲ။ ကျုပ်တို့ ကချင်ပြည်နယ်တစ်ကြောမှာ မူးယစ်ဆေးဝါးတွေ ပေါမှပေါ။

**တုတ်ထိုး** - ပြောလိုက်စမ်းပါဗျာ အယ်ဒီတာကြီးကို သတင်းလေးပေးပြီး အသက်အန္တရာယ်လုပ်ကြံခံနေရလို့ အိုးစားကွဲနေပါဦးမယ်လို့။ ပြီးတော့ ကိုယ်ကပိုင်ပြီဆိုပြီး သတင်းပေးတိုင်ကြားတော့မှ ဟိုအဘတွေလက်ထက်တုန်းကလို ကုန်တင်ကားအပြည့်မိတာ ပိုင်ရှင်မဲ့ပါဆိုတာမျိုး ဖြစ်နေပါဦးမယ်လို့။

**အိုးပေါက်** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။

# ရောင်းမယ် ဝယ်မယ်

ဤရောင်းမယ် ဝယ်မယ် ကဏ္ဍတွင် မည်သူမဆို မိမိရောင်းလို ဝယ်လိုသော ပစ္စည်းများကို အခမဲ့ ကြော်ငြာပေးသွားမည်ဖြစ်သည်။ မိမိရောင်းလိုသည့် ပစ္စည်းများကို မြစ်ကြီးနားသတင်းဂျာနယ်မှတဆင့် ရောင်းချပေးမည်ဖြစ်သည်။ ထိုပစ္စည်းများကို မရောင်းရမခြင်း ကြော်ငြာပေးသွားမည်ဖြစ်၍ ကုန်ပစ္စည်းရောင်းရလျှင် ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ဂျာနယ်တည်တံ့ခိုင်မြဲရန်အတွက် ရန်ပုံငွေအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ လူကြီးမင်းတို့၏ကုန်ပစ္စည်းရောင်းချလိုပါက မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်နိုင်ပါသည်။







## ရေခဲတောင်မှ ထွက်ရှိသော ရှားပါး ရှီးပတီး အားဆေး ရောင်းရန်ရှိသည်။

**ရှီးပတီး အစွမ်း –** ကျန်းမာနုပျို၊ လန်းဆန်း ၊ အသက်ရှည် အားဆေးကြီး မောပန်းနွမ်းနယ်ခြင်း၊ မျက်စိအားနည်းခြင်း၊ အကျိတ်ဖြစ်ခြင်း၊ အသည်းရောင်အသားဝါ ဘီပိုး စီပိုး၊ နှလုံးအားနည်းခြင်း၊ ပန်းနာရင်ကြပ်၊ ဆီးချိုအဆစ်အမြစ်နာ၊ ခံတွင်းအနာများကာကွယ်ခြင်း သက်သာပျောက်ကင်းစေပါသည်။

**ဆေးအညွှန်း –** အရက်(သို့) ပျားရည်ဖြင့် စိမ်သောက်ရန် ကြိုက်ရာအသားနှင့် ပေါင်းစားရန်၊ ခံတွင်းအနာဖြစ်လျှင် ဆေးကောင်ကို အမှုန့်ကြိတ်၍ပျားရည်နှင့်ရောပြီး တစ်ရက် (၂) ကြိမ်လိမ်းရန်၊ရေနွေးကြမ်းထဲသို့ ထည့်သောက်၍လည်းရနိုင်သည်။

**မှတ်ချက် –** အစိမ်းမစားရ၊ ဆေးအားပြင်းသောကြောင့် မူးတတ်သည်။

ဒေသခံများကိုယ်တိုင်ရှာဖွေထားသော ရှီးပတီး ခေါ် (ပိုးနွယ်ရှင်) ဆေးကို ဝယ်ယူလိုပါက ဖုန်း -၀၉၄၃၁၇၀၇၄၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# တရားဥပဒေ မစိုးမိုးတဲ့မြို့က တရားဥပဒေစိုးမိုးရေး စင်တာ

မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်က Morning လက်ဖက်ရည်ဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာ ဖွင့်လှစ်ထားတဲ့ တရားဥပဒေစိုးမိုးရေးစင်တာ(Rule of Law Centre)ရုံးကို မြစ်ကြီးနားက ဒေသခံအများစု တွေ့ဖူးကြလိမ့်မယ်ထင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီ တရားဥပဒေစိုးမိုးရေးစင်တာကို မြစ်ကြီးနားမှာ ဘာကြောင့် လာဖွင့်ထားလဲ၊ မြစ်ကြီးနားမြို့နဲ့ ကချင်ပြည်နယ်အတွင်းမှာ တရားဥပဒေစိုးမိုးအောင် ဘာတွေလုပ်ဆောင် နေကြလဲ၊ ဘယ်လိုနည်းနဲ့လုပ်ဆောင်နေကြလဲ၊ သူတို့ရဲ့ ရည်ရွယ်ချက်က ဘာတွေလဲဆိုတဲ့ အကြောင်းတွေကိုတော့ သိတဲ့သူနည်းပါးမှာပါ။ ဒါကြောင့်အဲဒီစင်တာအနေနဲ့တရားဥပဒေစိုးမိုးရေးမြင့်တက်အောင် ဘယ်လိုတွေ ကြိုးပမ်းနေလဲ၊ တရားဥပဒေစိုးမိုးဖို့ ဘယ်သူတွေနဲ့ ပူးပေါင်းပြီး အထောက်အကူပြုနေလဲ.. စတာတွေနဲ့ ပတ်သက်ပြီးတော့ မြစ်ကြီးနားစင်တာရဲ့ မန်နေဂျာ ဒေါ်မခေါ်ဘန်မွန်းဆန်နဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**တရားဥပဒေစိုးမိုးရေးစင်တာဆိုတာကို ကျွန်တော်တို့ပြည်သူတွေ တွေ့မြင်/သိကြားနေရတာ အတော်ကြာပါပြီ။ ဆရာမတို့စင်တာကို ကျွန်တော်တို့ဂျာနယ်တိုက်က တွေ့ဆုံမေးမြန်းချင်ခဲ့တာလည်းကြာပါပြီ။ မြို့တွေအများကြီးရှိတဲ့ မြန်မာနိုင်ငံမှာ မြစ်ကြီးနားကို ထည့်သွင်းရွေးချယ်ခဲ့တဲ့အတွက် ပြည်နယ်သူပြည်နယ်သားတွေကိုယ်စား ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။**

**အခုပထမဆုံးအနေနဲ့ မြစ်ကြီးနားစင်တာမှာ ဆရာမတာဝန်ယူထားတဲ့ အပိုင်းလေးကို မိတ်ဆက်ပေးစေချင်ပါတယ်။ နောက်ပြီးဆရာမတို့စင်တာရဲ့ သမိုင်းလေးရယ်၊ အဓိက လုပ်ငန်းစဉ်တွေရယ်ကိုလည်း အကျဉ်းချုပ်လေး ရှင်းပြပေးစေချင်ပါတယ်။**

ဟုတ်ကဲ့ ကျွန်မနာမည်ကတော့ ဒေါ်မခေါ်ဘန်မွန်းဆန်လို့ခေါ်ပါတယ်။ ဒီတရားဥပဒေစိုးမိုးရေးစင်တာ (မြစ်ကြီးနား)ရဲ့ စင်တာမန်နေဂျာတာဝန်ကို ထမ်းဆောင်နေပါတယ်။ ကျွန်မတို့စင်တာရဲ့အကြောင်းလေးကို ပထမဆုံး ပြောရရင် ကျွန်မတို့တရားဥပဒေစိုးမိုးရေးစင်တာ Project က ၂၀၁၄ စက်တင်ဘာကနေ ၂၀၁၅ မတ်အထိ ခြောက်လတာ Pilot Project ရွှေ့ပြေးစီမံချက်အနေနဲ့ မန္တလေးနဲ့လားရှိုးမှာ ပထမဆုံးစတင်ပြုလုပ်ခဲ့တယ်။ စတင်ပေါ်ပေါက်လာပုံကတော့ ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့တဲ့ ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကော်မတီနဲ့ UNDP နဲ့ ၂၀၁၃ လောက်ကတည်းကသူတို့တွေ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေး မြှင့်တင်ဖို့အတွက် ဘာတွေလုပ်ဖို့လိုအပ်မလဲဆိုတာ Research (သုတေသန)တွေလုပ်တယ်၊ ပြီးတော့ ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ပြီးတော့ ဒီစီမံကိန်းက စတင်ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

ဒီပရောဂျက်ကို ပဏာမစီမံချက်အနေနဲ့ နိုင်ငံတကာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(IDLO)အပါအဝင် နယ်စည်းမထားရှေ့နေများအဖွဲ့(ASF)နှင့် BABSEA-CLE အဖွဲ့တို့၏ပူးပေါင်းလုပ်ဆောင်မှုတို့ဖြင့် မန္တလေးနဲ့လားရှိုးမှာ ပြုလုပ်ခဲ့တယ်။ ခြောက်လတာ အဲဒီနောက်မှာ တကယ့် Project ကတော့ ၂၀၁၅ ဇူလိုင်ကနေစတာ ဒီနေ့ထိပေါ့နော်။ စင်တာက ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနဲ့မြစ်ကြီးနား လေးနေရာမှာရှိတယ်။ မြစ်ကြီးနားစင်တာကိုတော့ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ဖွင့်လှစ်ခဲ့ပါတယ်။ ကျွန်မတို့ အဓိကထားလုပ်ဆောင်မယ့် လုပ်ငန်းဆောင်တာအားလုံးရဲ့ ရည်ရွယ်ချက်က တရားမျှတမှုဖော်ဆောင်ပေးနေတဲ့ သူတွေနဲ့ ပြည်သူလူထုကြားမှာ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်မတို့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ တရားမျှတမှုကို ဖော်ဆောင်ပေးနေတဲ့သူတွေဆိုတဲ့ထဲမှာ ရှေ့နေတွေလည်းပါတယ်၊ တရားသူကြီးတွေလည်း ပါတယ်၊ ပြည်သူလူထုတွေကို တရားမျှတမှု ဖော်ဆောင်ပေးနေတဲ့ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတွေ ပါပါတယ်။

**ဆရာမတို့ စင်တာအနေနဲ့ တရားဥပဒေစိုးမိုးရေးကို အထောက်အပံ့ဖြစ်အောင် ဘယ်အပိုင်းတွေကနေ အဓိကပါဝင်ကူညီနေပါသလဲ။**

တရားဥပဒေစိုးမိုးရေးအတွက် ဘာတွေအထောက်အပံ့ဖြစ်အောင် ဘာတွေလုပ်သလဲဆိုရင် ကျွန်မတို့က သင်တန်းတွေပေးတယ်။ သူတို့တွေရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဥပဒေအရပေးထားတဲ့ အခွင့်အရေးတွေကို Awareness လုပ်ပေးတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် ပြည်သူလူထုတွေဟာဆိုလို့ရှိရင်လည်း သူတို့တွေရဲ့ Rights က ဥပဒေအရဒီလိုရှိပါလား။ တရားဥပဒေစိုးမိုးရေးရှိမရှိဆိုတာကို သူတို့ဟာသူတို့ သုံးသပ်လာနိုင်တယ်ပေါ့။ ဒီလိုသူတို့သုံးသပ်လာနိုင်ဖို့ကျွန်မတို့က Capacity ကိုမြှင့်တင်ပေးတယ် စွမ်းရည်မြှင့်တင်ပေးတယ်ပေါ့။ အဲလိုလုပ်ခြင်းဖြင့် သူတို့တွေသုံးသပ်လာနိုင်မယ်၊ သူတို့ အခွင့်အရေးတွေသူတို့ သိလာနိုင်မယ်၊ ရတယ်မရဘူးဆိုတာကို သူတို့ သုံးသပ်လာနိုင်တဲ့အခါ ရအောင်ဘယ်လိုလုပ်ရမယ်ဆိုတာလည်း သူတို့သုံးသပ်လာနိုင်မယ်ပေါ့နော်။ ကျွန်မတို့က သူတို့ရဲ့အခွင့်အရေးတွေ သူတို့သိလာနိုင်ဖို့၊ တောင်းဆိုလာနိုင်ဖို့ အဓိကထားပြီးလုပ်ဆောင်တာဖြစ်တယ်။ ပြီးတော့ အစိုးရဌာနဆိုင်ရာတွေဆိုရင်လည်း သူတို့ရဲ့လုပ်ဆောင်ချက်တွေမှာ တရားဥပဒေစိုးမိုးရေးမူဘောင်တွေနဲ့ ကိုက်ညီမှုရှိမရှိဆိုတာ သူတို့ဖာသာသူတို့သုံးသပ်လာနိုင်အောင်ကျွန်မတို့က တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေပေးတယ်။ အကုန်လုံးကိုတော့ မပေးနိုင်သေးဘူး။ ဒါပေမဲ့ ပြည်သူလူထုနဲ့ပ နိစ္စဓူဝတွေ့ဆုံနေရတဲ့ အထွေထွေအုပ်ချုပ်ရေးတို့၊ Law Officer တို့ သူတို့တွေနဲ့ အရင်သင်တန်းလုပ်တာဖြစ်ပါတယ်။ အဲလိုလုပ်ခြင်းအားဖြင့် သူတို့တွေရဲ့နိစ္စဓူဝလုပ်ဆောင်မှုတွေမှာ တရားဥပဒေစိုးမိုးရေးမူတွေနဲ့ကိုက်ညီအောင် ဆက်လက်လုပ်ဆောင်နိုင်ဖို့ အဲလိုလုပ်ဆောင်ပြီဆိုရင် တရားဥပဒေစိုးမိုးရေးကရှိလာမှာပဲ။ တရားမျှတမှုကရှိလာမှာပဲ။ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်တဲ့ Awareness တွေပဲလုပ်ပါတယ်။

**ဘယ်လိုကဏ္ဍခွဲခြားပြီးဆောင်ရွက်နေတယ်ဆိုတာလည်း သိပါရစေ။**

အထက်ကပြောခဲ့တဲ့ရည်ရွယ်ချက်ပန်းတိုင်ကိုရောက်ဖို့ ကျွန်မတို့ အဓိကထားလုပ်ဆောင်နေတာက အခန်းကဏ္ဍနှစ်ရပ်ရှိတယ်၊ တစ်ခုကကျတော့စွမ်းရည်မြှင့်တင်ပေးတာပေါ့၊ Capacity Development ပေါ့၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာအခွင့်အရေးတွေနဲ့ပတ်သက်ပြီး အသိအမြင်ဖွင့်ပေးတဲ့ အခန်းကဏ္ဍကို လုပ်ဆောင်တယ်၊ နောက်တစ်ခုကကျတော့ တရားမျှတမှုဖော်ဆောင်ပေးနေတဲ့သူတွေနဲ့ ပြည်သူလူထုကြားမှာ Dialogue ဆွေးနွေးပွဲလေးတွေဖြစ်လာဖို့ ဖန်တီးပေးတယ်၊ ဖန်တီးပေးတဲ့အပိုင်းကနေသွားတယ်ပေါ့။ ပြည်သူလူထုတွေနဲ့ တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေတဲ့ သူတွေကြားမှာ ကျွန်မတို့က နေရာလေး(Space)တွေ ဖန်တီးပေးတယ်။ သူတို့တွေလာပြီးမှဆွေးနွေးမယ် စကားပြောမယ်ပေါ့။ ကိုယ်ရဲ့ Local Justice Issue ကိုယ့်ရဲ့ဒေသတွင်းမှာ ဖြစ်နေတဲ့တရားမျှတမှုနဲ့ဆိုင်တဲ့ပြဿနာရပ်လေးတွေကို အတူတကွဆွေးနွေးမယ်၊ တိုင်ပင်မယ် အဲ့လိုပုံစံမျိုးလေး သွားတာပေါ့။ ကျွန်မတို့ ဒီလိုမျိုးလုပ်ဆောင်နိုင်ဖို့ဆို Neutralityပေါ့၊ ဘယ်ဘက်ကိုမျှဘက်မလိုက်တဲ့ အနေအထားမှာ နေပါတယ်။ Neutralityကို အဓိကထားပြီးမှ လုပ်ဆောင်တာ ဖြစ်ပါတယ်။




စွမ်းရည်မြှင့်တင် သင်တန်းတွေပေးတာရယ်၊ လူထုဆွေးနွေးပွဲတွေ လုပ်တာရယ်ပေါ့။ ဒီလိုမျိုးအလုပ်တွေကို လုပ်တဲ့အခါ ရည်မှန်းချက်သုံးခုကို ထားပါတယ်။ တစ်ခုကကျတော့ ပြည်သူလူထုတွေ အသိပညာမြင့်တက်လာပြီးမှ တရားမျှတမှုနဲ့ဆိုင်တဲ့ ပြဿနာတွေကိုပိုမိုသိလာမယ်။ တရားမျှတမှုကို ပိုမိုလက်လှမ်းမီလာမယ်ပေါ့။ တရားမျှတမှုနဲ့ ဆိုင်တဲ့ဟာ အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ ကုစားမှုတွေကို သူတို့ကိုယ်တိုင် လက်လှမ်းမီရယူလာနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ထားပါတယ်။ ကျွန်မတို့က သူတို့ကိုယ်စား သွားယူပေးတာမျိုးမဟုတ်ဘဲနဲ့ သူတို့ကိုယ်တိုင်သူတို့ရယူနိုင်ဖို့အတွက် ဥပဒေဆိုင်ရာရော တရားဥပဒေစိုးမိုးရေးနဲ့ဆိုင်တဲ့ အမြင်ဖွင့်သင်တန်းတွေ ပေးပါတယ်။ နောက်ပြီးတော့ လူ့အဖွဲ့အစည်းက သူတို့ရဲ့အခွင့်အရေးတွေ မြင့်တက်လာအောင် ကျွန်မတို့က သင်တန်းတွေပေးပါတယ်။ တရားဥပဒေစိုးမိုးရေးအခြေခံသင်တန်း ဆယ်ရက်ဆိုတာရှိတယ်၊ အဆင့်မြင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ငါးရက် သင်တန်းဆိုတာရှိတယ်။ တရားဥပဒေစိုးမိုးရေးဆရာဖြစ်သင်တန်း ဒါလည်း ငါးရက်၊ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး သင်တန်းသုံးမျိုးပေါ့။ နောက်ထပ်သင်တန်းတွေကကျတော့ ကျွန်မတို့ဒေသတွေမှာဖြစ်နေတဲ့အဖြစ်များတဲ့ Issue တွေပေါ့။ ကျွန်မတို့က စင်တာ လေးခုရှိတယ်ဆိုတော့ လေးစင်တာလုံးရဲ့ ဆန်းစစ်တွေ့ရှိချက်တွေကိုလုပ်သွားတယ်ပေါ့နော်။ ၂၀၁၅ - ၁၆ မှာပေါ့။ အဲဒီထဲကမှ Common ဖြစ်တဲ့ Issue ကို သင်ရိုးညွှန်းတမ်းလေးဆွဲပြီး လုပ်ခဲ့တာပေါ့။ အဲဒီတော့ကျွန်မတို့ဆီမှာ ဘာသင်တန်းတွေရှိသေးလဲဆိုရင် ကျားမအခြေပြုအကြမ်းဖက်မှုနဲ့ ဆိုင်တဲ့သင်တန်းရှိမယ်၊ မြေယာနဲ့ပတ်သက်တဲ့ သင်တန်းတွေရှိမယ်၊ Housing, Land and Property လို့ခေါ်တဲ့ အိုးအိမ်မြေယာနဲ့ ပိုင်ဆိုင်မှုနဲ့ဆိုင်တဲ့ သင်တန်းတွေရှိမယ်ပေါ့။ ပြီးတော့ ရှေ့နေတွေအတွက်လုပ်ထားတဲ့ Legal Skills Training ပေါ့။ ရှေ့နေဆိုတဲ့နေရာမှာ ဂျူနီယာရှေ့နေအငယ်တွေကို အဓိကဦးတည်လုပ်ဆောင်တာပါ။ ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း ဒါလည်းနှစ်ရက်၊ Legal Service Provider သင်တန်းကတော့ ဥပဒေအထောက်အကူပြုနေတဲ့သူတွေက ပေးပါတယ်။ ရှေ့နေတွေတော့ ရှေ့နေတွေပဲပေါ့။ ကိုယ့်ရဲ့အမှုသည်ကိုဗဟိုပြုတဲ့နည်းနဲ့ ဘယ်လိုအမှုလိုက်မလဲဆိုတာ ပေးပါတယ်။ နောက် Access to Civil Documentation ဆိုတာလည်း ရှိသေးတယ်။ ဒါကတော့ IDP တွေကို ရည်ရွယ်တာပေါ့။ အဲဒီစစ်ဘေးရှောင်ပြည်သူတွေကို ဦးဆောင်ဦးရွက် ပြုနေတဲ့သူတွေ၊ သူတို့ကို ကူညီနေတဲ့သူတွေကို (သင်တန်း)ပေးတာပေါ့။ အားလုံး ခြောက်မျိုးပေါ့။ အဲဒါဆိုတော့ တရားဥပဒေစိုးမိုးရေးသင်တန်းသုံးခုနဲ့ဆိုလောလောဆယ်ပေးနေတဲ့ သင်တန်း ကိုးမျိုးရှိခဲ့ပါတယ်။ နောက်ပိုင်းလည်း ကျွန်မတို့ထပ်ပြီးတော့မှ ချဲ့ထွင်သွားဖို့ ရှိပါတယ်။

နောက်ထပ်တစ်ခုကကျတော့ တရားဥပဒေစိုးမိုးရေးမူတွေကို သူတို့ရဲ့နိစ္စဓူဝလုပ်ငန်းဆောင်တာတွေမှာ ကျင့်သုံးပြီးတော့ တရားမျှတမှုတွေ၊ မျှတတဲ့တရားစီရင်မှုတွေ၊ မျှတတဲ့ ကျားမတန်းတူအခွင့်အရေးတွေကို ဗဟိုပြုတဲ့စနစ်ဖြစ်လာဖို့အတွက်ပေါ့။ ကျွန်မတို့အဓိကထားပြီး သင်တန်းပေးမှာတော့ ဥပဒေအရာရှိတွေပေါ့။ ဒါကလည်းသင်ရိုးညွှန်းတမ်းသပ်သပ် ရှိတယ်။ အထွေထွေအုပ်ချုပ်ရေးဌာနဆိုင်ရာဝန်ထမ်းတွေကိုပေးတဲ့ သင်တန်းတွေရှိမယ်။ မြစ်ကြီးနားမှာလုပ်ဖို့ ခွင့်ပြုချက်မရလို့ မလုပ်ဖြစ်သေးတာတွေရှိမယ်။ ကျွန်မတို့ရဲ့သင်တန်းတွေမှာ ကျွန်မတို့က ပေးတယ်ဆိုတာထက် Facilitate လုပ်တာပိုများတယ်ရှင့်။ တက်ရောက်လာတဲ့သူတွေကို သူတို့ရဲ့အတွေ့အကြုံတွေကို တရားဥပဒေစိုးမိုးရေးမူဘောင်တွေနဲ့ ယှဉ်ထိုးပြီးမှ ဆွေးနွေးတဲ့ဖက်ကို ပိုသွားတာပေါ့။ အဓိကကတော့ ကျွန်မတို့ရဲ့ တရားဥပဒေစိုးမိုးရေးမူတွေကို လက်တွေ့ဘဝမှာ ကျင့်သုံးဖို့ပေါ့။ ကျင့်သုံးပြီဆိုရင် တရားဥပဒေစိုးမိုးရေးက ပိုမိုအားကောင်းလာမယ်လို့ မျှော်လင့်တာပေါ့နော်။ ဒါကတော့ Outcome 2 ပေါ့။

နောက်ဆုံးတစ်ခုကတော့ ပြည်သူလူထုနဲ့ ဒေသကတရားမျှတမှုဖော်ဆောင်ပေးနေတဲ့သူတွေကြားမှာ ကိုယ့်ရဲ့ဒေသမှာဖြစ်နေတဲ့ တရားမျှတမှုဆိုင်ရာက ပြဿနာရပ်တွေနဲ့ ပတ်သက်ပြီးတော့သော်လည်းကောင်း၊ မူဝါဒတွေနဲ့ ပတ်သက်ပြီးတော့သော်လည်းကောင်း၊ ဒါမှမဟုတ်လည်း ဥပဒေအသစ်တွေနဲ့ ပတ်သက်ပြီး



တော့သော်လည်းကောင်း ဆွေးနွေးပွဲလေးတွေ လုပ်ပေးတာပါ။

ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ ကိုယ့်ရဲ့ဒေသမှာဖြစ်နေတဲ့ တရားမျှတမှုနဲ့ဆိုင်တဲ့ ပြဿနာရပ်တွေကို နှစ်ဦးနှစ်ဖက် ပတ်သက်ပါဝင်မှုရှိဖို့ပါ။ အရင်တုန်းကဆို CSO တွေ၊ Communityတွေ သူတို့နည်းသူတို့ဟန်နဲ့ဖြေရှင်းတယ်။ အစိုးရကလည်း သူတို့ဟာနဲ့သူတို့ တော့လုပ်နေကြတယ်၊ ဒါပေမယ့် ချိတ်ဆက်မှုမရှိဘူး။ ကျွန်မတို့က ချိတ်ဆက်မှုရအောင် လုပ်ပေးတယ်။ မတူညီတဲ့ အိုင်ဒီယာတွေရှိမယ်၊ မတူညီတဲ့ အမြင်တွေရှိမယ်၊ ကျွန်မတို့ယုံကြည်တာ ဒီလိုအတူတကွလာရောက်ဆွေးနွေးခြင်းအားဖြင့် အချင်းချင်းရဲ့ အခက်အခဲပြဿနာ ခံစားနေရမှုကို ပိုမိုနားလည်လာမယ်။ ပြီးတော့တရားမျှတမှုကို ဖော်ဆောင်ပေးနေတဲ့သူတွေဘက်ကရောပြည်သူဘက်ကရော သူတို့ဆီမှာသူတို့ရဲ့ အခန်းကဏ္ဍက ဘယ်ကဏ္ဍလည်း သူတို့တွေ ဘယ်လိုချိတ်ဆက် လုပ်ဆောင်မလဲ၊ မတူညီတဲ့အခန်းကဏ္ဍမှာ နေနေတယ်။ ဒါပေမယ့် ကြုံတွေ့နေတဲ့ ပြဿနာကအတူတူပဲလေ။ မတူညီတဲ့ အခန်းကဏ္ဍကနေ အားသာချက်၊ အားနည်းချက်တွေကြည့်ပြီးမှ အားသာချက်ကို ဘယ်လိုပူးပေါင်းကြမလဲ။ အားနည်းချက်ကို ဘယ်လိုလျှော့ချကြမလဲပေါ့။ ဒီလိုအတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် အချင်းချင်းရဲ့ပြဿနာခံစားနေရမှုကို ပိုမိုနားလည်လာမယ်။ အဲလိုလုပ်ခြင်းအားဖြင့် ကိုယ့်ရဲ့ဒေသမှာ ဘယ်လို Issue တွေက အရေးတကြီးဖြေရှင်းဖို့ လိုအပ်သလဲ၊ ဘယ်လိုပြဿနာတွေက အရေးတကြီးဖြေရှင်းဖို့ လိုအပ်သလဲ။ ဘယ်လိုပြဿနာတွေက ဘာလုပ်ဖို့လိုအပ်နေလဲဆိုတာ အဲဒီကနေ ထွက်လာတယ်။

**ဟုတ်ကဲ့-အဲဒီမှာအရေးတကြီးဖြေရှင်းဖို့လိုနေတဲ့ ပြဿနာရပ်တွေ၊ Issue တွေအနေနဲ့ ဘယ်အကြောင်းအရာတွေကို တွေ့ခဲ့တယ်ဆိုတာကိုလည်း စာဖတ်သူတွေသိအောင် အနည်းအကျဉ်း ရှင်းပြပေးပါဦး။**

အဓိကတွေ့ခဲ့တာကတော့ တူညီတဲ့ပြဿနာရပ်တွေက မြေယာနဲ့ပတ်သက်တာတွေ တွေ့ခဲ့တယ်။ ပြီးတဲ့အခါကျတော့ ကျား/မအခြေပြုနဲ့ပတ်သက်တဲ့ဟာတွေပေါ့နော်၊ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာတွေ၊ ဒါတွေကတော့ Main ဖြစ်ပါတယ်။

**မြစ်ကြီးနားမှာသင်တန်းပေါင်း ဘယ်နှခုလောက် ဖွင့်လှစ်ခဲ့ပြီလဲ။ လူဦးရေကော ဘယ်လောက်လောက်ရှိလဲ။**

ကျွန်မတို့ တရားဥပဒေစိုးမိုးရေးအခြေခံဆယ်ရက်သင်တန်းက ဆယ်ခုရှိသွားပြီ။ မိုးကောင်းမှာ တစ်ခေါက်၊ မိုးညှင်းတစ်ခေါက်၊ ကျန်ဒေသတွေကိုတော့ မသွားနိုင်သေးဘူး။ လောလောဆယ်တော့ မြစ်ကြီးနားတစ်ဝိုက်မှာပဲ လုပ်ဖြစ်နေပါသေးတယ်။ လူဦးရေက ကျွန်မတို့သင်တန်းနည်းစနစ်အရ တစ်ခေါက်မှာအယောက် ၂၀ ထက်မပိုပါဘူး။ တရားဥပဒေစိုးမိုးရေးအခြေခံသင်တန်း၊ တရားဥပဒေစိုးမိုးရေး အဆင့်မြင့်သင်တန်း၊ ဆရာဖြစ်သင်တန်း၊ ဥပဒေရေးရာကျွမ်းကျင်မှုသင်တန်း၊ ဥပဒေအထောက်အကူ ပေးသူများ သင်တန်း၊ လိင်နှင့်ကျားမရေးရာအခြေပြု အကြမ်းဖက်မှုများအကြောင်း သင်တန်း၊ မြေယာဆိုင်ရာသင်တန်း၊ ရွေ့လျားသင်တန်းစတဲ့ သင်တန်းပေါင်း ၄၆ ခုဖွင့်လှစ်ခဲ့ပြီး သင်တန်းသားပေါင်း ၈၅၅ ယောက်ကို တရားဥပဒေစိုးမိုးရေးအသိပညာတွေ ဖြန့်ဝေနိုင်ခဲ့ပါတယ်။ လူထုဆွေးနွေးပွဲပေါင်း ၁၇ ခု ကျင်းပခဲ့ပြီး လူမှုအလွှာစုံမှ လူပုဂ္ဂိုလ် ၆၈၃ ဦး တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။

**သင်တန်းဆင်းတွေကရော ဘယ်လိုတာဝန်တွေ ဆက်လက်လုပ်ဆောင်လဲ။**

သင်တန်းဆင်းတွေကျတော့ တရားဥပဒေစိုးမိုးရေးနဲ့ဆိုင်တဲ့ဟာတွေကို ပြန်လည်ဝေမျှပေးတာမျိုးရှိတယ်၊ ကျွန်မတို့ ဆင့်ပွားသင်တန်းပေါ့။ ကျွန်မတို့ရဲ့ မြစ်ကြီးနားသင်တန်းသားဟောင်းတွေ ပေးနေတာ သင်တန်းပေါင်းကိုးခု ရှိသွားပြီ။ သူတို့တွေက ကျွန်မတို့မသွားနိုင်တဲ့နေရာတွေမှာ သူတို့နဲ့ဆက်စပ်မှုရှိတဲ့ အသိုင်းအဝိုင်းမှာ ဆင့်ပွားပြန်လည်ပို့ချခဲ့တယ်။ ကျွန်မတို့စင်တာအနေနဲ့ကတော့ သင်တန်းတစ်ခု လုပ်တော့မယ်ဆိုရင် ကျွန်မတို့ Trainer တွေက Coachပြန်လုပ်ပေးတယ်။ နည်းပညာပိုင်း၊ သင်တန်းမှာ ကျွေးမယ့်ထမင်းဟင်း၊ စာရွက်စာတမ်းတွေ Support ပေးတယ်။

**တရားဥပဒေစိုးမိုးရေးအတွက် ကူညီတဲ့အခါမှာ ဖြစ်ပြီးသား၊ ကျူးလွန်ပြီးသွားတဲ့ အမှုအခင်းတွေနဲ့ ပတ်သက်ပြီးတော့ရော ပြန်လည်စိစစ်သုံးသပ်တာတို့၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ဘယ်လိုလုပ်ရင် ဖြင့်ကောင်းမယ်ဆိုပြီး အကြံပြုတာတို့ရော ရှိခဲ့ပါသလား။**

ဖြစ်ပြီးသားအမှုတွေနဲ့ ပတ်သက်ပြီး တရားဥပဒေစိုးမိုးရေးစင်တာအနေနဲ့ ဝင်ပြီးတော့စွက်ဖက်တာမျိုး မရှိပါဘူး။ ကျွန်မတို့က Prevention (ကြိုတင်ကာကွယ်မှု)အပိုင်းကို ပိုပြီးမှသွားပါတယ်။ ဒါပေမယ့် တရားဥပဒေစိုးမိုးရေးစင်တာလို့ပြောလိုက်တာနဲ့ ကျွန်မတို့စဖွင့်ဖွင့်ခြင်း ရောက်လာတာက အမှုတွေပေါ့။ သူတို့က ကျွန်မတို့ကို အမှုလိုက်တယ်လို့ထင်တာပေါ့နော်။ ကျွန်မတို့မလိုက်ဘူး။ ဒါပေမယ့် ကျွန်မတို့က ချိတ်ဆက်ညွှန်ပို့တဲ့အလုပ်တော့ လုပ်ပေးတယ်။ အဲဒီထဲမှာ ပါဝင်တဲ့သူတွေကတော့ ရှေ့နေတွေပေါ့။ ရှေ့နေထဲမှာ ကျွန်မတို့ရဲ့ သင်တန်းသူ/သားဟောင်းတွေ ပါပါတယ်။ တရားဥပဒေစိုးမိုးရေး စင်တာကနေလွှဲပို့ရောက်လာတဲ့အမှုတွေကို လက်ခံကူညီပါ့မယ်ဆိုပြီးမှ လက်မှတ်ရေးထိုးထားတာလေးတွေ ရှိတယ်။ ရောက်လာတဲ့အမှုအပေါ် မှာမူတည်ပြီး အဲဒီထဲကမှ ဘယ်ရှေ့နေက ဘယ်အမှုလိုက်တယ်ဆိုတာ သင့်တော်ရာကိုပြန်ပြီညွှန်ပို့ပေးပါတယ်။ တချို့အရမ်းကြီးတဲ့အမှုတွေလည်း ရောက်လာတာရှိတယ်။ မပြီးပြတ်သေးတဲ့ အမှုတွေ ရောက်လာတာရှိတယ်။ အရင်တုန်းကတော့ ဘယ်ကိုမှမညွှန်ပို့တတ်ဘူးပေါ့နော်။ မနှစ်တုန်းကနေစပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် တရားမျှတမှုဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဆိုတာရှိလာပြီ အဲဒါကို နေပြည်တော်အဆင့်ကနေဖွင့်တယ်။ အခုပြည်နယ်နဲ့တိုင်း ၁၄ ခုမှာရှိတယ်။ ကျွန်မတို့ကချင်ပြည်နယ်မှာ အဖွဲ့ခေါင်းဆောင်က ဒေါ်မေရီမီနန်တို့၊ တာဝန်ခံက ရှေ့နေဒေါ်ဒွဲဘူတို့ပေါ့။ အဲဒီအဖွဲ့မှာ GAD (ထွေအုပ်)၊ ရဲဌာန၊ ဥပဒေ၊ တရားရေး ဌာနကြီးလေးခုက ပြည်နယ်မှူးတွေ ပါတယ်။ (ယင်းအဖွဲ့နှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားချက်များကို ဂျာနယ်စာမျက်နှာအခြေအနေအရ ဖော်ပြခြင်းမပြုတော့ပါ။)

**ဆရာမတို့ချိတ်ဆက်ပေးခဲ့တာ ဘယ်နှမှုလောက် ရှိခဲ့ပြီလဲ။**

၁၀ မှု ဝန်းကျင်လောက်တော့ရှိပါပြီ။

**အဲ့ဒါက(အမှုမဖွင့်ခင်) အပြင်မှာလား။ အဲလိုလုပ်ပေးတာကို အစိုးရပိုင်းက ဘာမှမပြောဘူးလား။**

ဘာမှမပြောပါဘူး။ ကျွန်မတို့က ချိတ်ဆက်ညွှန်ပို့ပေးတာဆိုတော့လေ။ တချို့တွေက ရှေ့နေတွေနဲ့စကား မပြောရဲတာတွေရှိတယ်လေ။ တချို့ကကျတော့ သူတို့ဟာနဲ့သူတို့ချိတ်ဆက်တာထက် Rule of Law Centre ကနေ ချိတ်ဆက်ပေးတာကို ပိုသဘောကျတယ်ကြတယ်။ တချို့ကတော့ တောသူတောင်သားမဟုတ်ဘူး ဒီကနေတစ်ဆင့်သွားတာရှိတယ်။ ကျွန်တော်တို့အပြင်မှာ တစ်ခုခုဖြစ်သွားပြီဆို ဒီမြို့မှာ တရားဥပဒေစိုးမိုးမှုမရှိဘူးလို့ အလွယ်တကူ သုံးသပ်လိုက်ကြတယ်။

**တကယ်တော့ တရားဥပဒေစိုးမိုးမှုဆိုတာ ဘယ်လိုအခြေအနေတွေကိုဆိုလိုတာလဲဆိုတာ စင်တာအနေနဲ့ ရှင်းပြပေးပါဦး။**

ကျွန်မတို့စင်တာအနေနဲ့က ဖြစ်သွားတဲ့အမှုတွေ ဖြစ်ပြီးသွားတာတွေနဲ့ ပတ်သက်ပြီး မသုံးသပ်ဘူး။ တရားဥပဒေစိုးမိုးရေးလို့ပြောပြီဆိုရင် ဘယ်ကိစ္စကိုမဆိုမူပဲဖြစ်ဖြစ်၊ ပေါ်လစီပဲဖြစ်ဖြစ်၊ အဖြစ်အပျက်ကိုပဲဖြစ်ဖြစ်ပေါ့၊ ကျွန်မတို့စင်တာမှာစံပြုသုံးစွဲတဲ့ တရားဥပဒေစိုးမိုးရေးအခြေခံမူ ၁၃ ချက်ရှိတယ်။ (၁)တရားဥပဒေသည် အထွဋ်အထိပ်ဖြစ်ခြင်း၊ (၂) တန်းတူညီမျှမှုရှိခြင်း၊ (၃)တာဝန်ယူမှု/တာဝန်ခံမှု (၄)လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်းနှင့် ဥပဒေအရ ပွင့်လင်းမြင်သာမှုရှိခြင်း၊ (၅)မျှတမှုရှိခြင်း၊ (၆)အာဏာခွဲဝေမှု (၇)တရားစီရင်ရေးလွတ်လပ်မှုရှိခြင်းနှင့် သမာသမတ်ရှိခြင်း၊ (၈)ဥပဒေသည် တိကျသေချာမှုရှိခြင်း၊ (၉)စိတ်ကြိုက်ဆုံးဖြတ်မှုကို ရှောင်ကြဉ်ခြင်း၊ (၁၀)နိုင်ငံတကာလူ့အခွင့်အရေးနှင့်စံချိန်စံညွှန်းများ၊ (၁၁)ခွဲခြားဆက်ဆံမှုမရှိခြင်း၊ (၁၂)ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင်ခြင်း၊ (၁၃) တရားမျှတမှုရရှိစေခြင်း ဆိုတဲ့ အဲဒီဆယ့်သုံးချက်ကို တရားဥပဒေစိုးမိုးစင်တာရဲ့ သင်တန်းတွေမှာပါဝင်ခဲ့တဲ့ အလွှာစုံကပုဂ္ဂိုလ်တွေကဝိုင်းဝန်းရေးဆွဲခဲ့တာပါ။

တစ်ခုခုဖြစ်တယ်ဆိုရင်လည်း တရားဥပဒေစိုးမိုးရေးမူဘောင်တွေနဲ့ ချိန်ထိုးကြည့်လိုက်ရင် တရားဥပဒေစိုးမိုးရေးမူဘောင်တွေနဲ့ မကိုက်ညီဘူးဆို ဒါတရားဥပဒေစိုးမိုးရေးအားနည်းနေပါတယ်ပေါ့နော်။ ခုနက ဆရာပြောတဲ့ မြို့လယ်ခေါင်မှာ တစ်ခုခုဖြစ်ပြီတို့ Land Issue တို့ဖြစ်ပြီတို့ အဲဒါတွေရှိတယ်။ အဲဒါကျတော့ သူတို့က Community က ဘယ်အချိန်မှာပြောလို့ရလဲဆိုရင် ကျွန်မတို့ဆီမှာကျင်းပတဲ့ ဖိုရမ်တွေမှာ ပြောလို့ရမယ်၊ ကျွန်မတို့ဖိုရမ်တွေမှာဆိုခေါင်းစဉ်တစ်ခုနဲ့ပတ်သက်ပြီး ဥပမာ - မြေယာနဲ့ပတ်သက်ပြီး လုပ်ပြီဆိုရင် သက်ဆိုင်ရာဌာနဆိုင်ရာတွေလည်း ဖိတ်တယ်၊ ပြီးတော့ အဲဒီမြေယာနဲ့ပတ်သက်ပြီး လုပ်ဆောင်နေတဲ့ CSO တွေကိုလည်း ဖိတ်တယ်။ သက်ဆိုင်ရာသက်ဆိုင်ရာတွေ အကုန်လုံးကို ဖိတ်ပေးတယ်။ တွေ့ဆုံပေးတယ်၊ ဒါက တရားဥပဒေစိုးမိုးရေးစင်တာရဲ့ အခန်းကဏ္ဍပေါ့။ ကိုယ့်ဒေသမှာ ဘယ် Issue အများဆုံးလဲ၊ အဲဒီအစ်ရှူးနဲ့ပတ်သက်ပြီးမှ ကျွန်မတို့က ဆွေးနွေးပွဲတွေပြုလုပ်ပေးတယ်။ တက်ရောက်လာတဲ့သူတွေကို ဆွေးနွေးခိုင်းတယ်၊ ကျွန်မတို့စင်တာရဲ့ Opinion အမြင်သုံးသပ်ချက်တွေနဲ့ မလုပ်ပါဘူး။ အဲဒီနေရာမှာ ပြည်သူတွေပြောလို့၊ ဆွေးနွေးလို့ရတယ်။

**ဟုတ်ကဲ့အခုလို သဲသဲကွဲကွဲသိရလို့ ကျေးဇူးပါ၊ တရားဥပဒေစိုးမိုးရေးစင်တာဆိုတော့ စကားလုံးအရ ပြည်သူအမြင်မှာ တရားဥပဒေစိုးမိုးရေးအတွက် ကိုင်တွယ် လုပ်ဆောင်နေတဲ့ အဖွဲ့လိုဖြစ်နေမှာစိုးလို့ မေးလိုက်ရတာပါ။**

ဟုတ်ကဲ့ ကျွန်မတို့က တရားဥပဒေစိုးမိုးရေးအတွက် အမြင်ဖွင့်သင်တန်းတွေလုပ်တာ၊ စွမ်းရည်တွေ မြှင့်တင်တယ်၊ တရားမျှတမှု ပိုမိုလက်လှမ်းမီလာနိုင်ဖို့ အခြေအနေတွေကို ဖန်တီးပေးတဲ့သဘောပေါ့။

**ဆရာမတို့ အခုလိုဆောင်ရွက်ခဲ့တဲ့အတိုင်းအတာမှာ ဘယ်လောက်ထိ အကျိုးသက်ရောက်မှု ရခဲ့ပါသလဲ။**


အောင်မြင်မှုကတော့ ရပါတယ်။ နံပါတ်တွေနဲ့ပြောဖို့တော့ ခက်တာပေါ့နော်။ အရင်တုန်းကလုပ်တာနဲ့ အခုနှစ်နှစ်ကျော်သုံးနှစ်အတွင်းမှာ တိုးတက်မှုရှိပါတယ်။ သင်တန်းသားတွေရဲ့ Feedback အရနယ်တွေဘာတွေဆို အရင်တုန်းကဆို တရားရုံးတွေဘာတွေလည်း မသွားရဲဘူး၊ မပြောရဲမဆိုရဲဘူး၊ အခု ကျွန်မတို့သင်တန်းတွေ တက်ပြီးတဲ့နောက်မှာပြောရဲဆိုရဲရှိလာတယ်ပေါ့။ ပြောရဲဆိုရဲရှိတယ်ဆိုတဲ့နေရာမှာ သူတို့ဂျက်နဲ့လက်နဲ့ဘယ်လိုပြောရမလဲဆိုတာ သူတို့ပိုသိလာတယ်လို့ ပြောတယ်၊ နောက်ပြီး ကျွန်မတို့ကိုလာပြောတာက ကျွန်မတို့ဖိုရမ်တွေတက်ပြီးတဲ့နောက် သူတို့ပြဿနာတွေကို ဖြေရှင်းတဲ့အခါ ပိုပြီး လွယ်ကူချောမွေ့လာတယ်လို့ ပြောတယ်။ ဝိုင်းမော်မှာဆို မြေယာနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲလုပ်တယ်၊ ဖိုရမ်လုပ်တယ်၊ သက်ဆိုင်တဲ့သူတွေကိုဖိတ်ပေးတယ်၊ ဖိတ်တဲ့အခါကျ ပထမရက်မှာ သူတို့သိသင့်သိထိုက်တဲ့ ဥပဒေတွေကို Sharingလုပ်တယ်၊ နောက်တစ်ရက်ကျတော့ စီအက်စ်အိုတွေဘက်ကိုရော၊ Justice Provider တွေရောဖိတ်ပေးတယ်။ အဲဒီမှာ Free Question လေးတွေမေးလို့ရတယ်၊ အဲဒီမှာ သူတို့ကြုံတွေ့နေရတာတွေ မေးခဲ့ကြတယ်ပေါ့နော်။ ပြီးတော့ သူတို့လာမေးတယ်။ အဲဒီလိုမျက်နှာချင်းဆိုင်မေးလိုက်တဲ့အခါကျတော့ ဘာကြောင့်ကြန့်ကြာနေတယ်၊ ဘယ်လိုကြောင့် ကြန့်ကြာနေတယ်ဆိုတာတွေ လူထုဖက်ကအခက်အခဲ၊ အစိုးရဖက်က အခက်အခဲတွေ၊ တစ်ဖက်ကနားလည်ထားတာနဲ့ တစ်ဘက်ကနားလည်ထားတာတွေ မတူညီတဲ့ဟာတွေ မျက်နှာချင်းဆိုင်တွေ့ဆုံစကားပြောခွင့်ရလိုက်တဲ့အခါမှာတော့ ဘယ်လိုလုပ်ဆောင်သွားရမယ်ဆိုတာ ပိုပြီးသိလာတယ်။ တစ်ဘက်နဲ့တစ်ဘက်ပြောဆိုဆက်ဆံရတာ အရင်ကထက် ချောမွေ့လာတာပေါ့။

စာ - ၁၄ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၆ ၊ ၂၀၁၈ )

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း



## နိုင်ဝင်းဆွေ ဝတ္ထုတိုပေါင်းချုပ်

| | |
|---|---|
| စာရေးသူ = နိုင်ဝင်းဆွေ | |
| စာအုပ်တိုက် = ရာပြည့်စာအုပ်တိုက် | |
| တန်ဖိုး = ၃၅၀၀ ကျပ် | |

ဘဝသရုပ်ဖော် ရသစာရေးဆရာနိုင်ဝင်းဆွေ၏ တစ်ချိန်ကနာမည်ကျော်ကြားခဲ့သော ဝတ္ထုတိုများကိုစုစည်းပြီး ရာပြည့်စာအုပ်တိုက်မှ ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ယခုစာအုပ်တွင် နိုင်ဝင်းဆွေ၏ ဝတ္ထုတို ၁၄ ပုဒ်ပါဝင်ပြီး ဆရာကြည်နိုင်၏ နိုင်ဝင်းဆွေဝတ္ထုတိုစာတမ်းမှ ကောက်နုတ်ဖော်ပြချက်လည်းပါဝင်သည်။ နိုင်ဝင်းဆွေသည် သဘာဝကို တန်ဖိုးထားပြီး လက်တွေ့ဘဝပေါ်ရပ်တည်၍ "ဘဝစာမျက်နှာများ"ကို အနုပညာအားထည့်ကာ ရေးဖွဲ့သီကုံးသွားသည်။


ထို့ကြောင့် နိုင်ဝင်းဆွေ၏ ဘဝစာမျက်နှာများတွင် ဘဝကို ခက်ခက်ခဲခဲဖြတ်သန်းနေသူတွေရဲ့ လှုပ်ရှားရုန်းကန်နေမှုများသည် အသက်ဝင်ရုန်းကြွလာရခြင်းဖြစ်သည်ဟု ဆရာချိန်(ပဲခူး)က ကောက်ချက်ချထားလေသည်။

"တစ်ဖက်တွဲသို့ ကျွန်တော်ရောက်သွားသည်။

ကျွန်တော်သည် စိတ်ကို အေးအေးငြိမ်ငြိမ် ဖြစ်စေရန် ခဏမျှ ချိန်ယူလိုက်ရသည်။ ထို့နောက်တံခါးကို ညင်ညင်သာသာ တွန်းဖွင့်လေသည်။ တံခါးသည် လျှောခနဲ ခပ်သာသာ ပွင့်သွားလေသည်။ ကျွန်တော့်ကိုယ် ထက်ဝက်မျှသည် တွဲအတွင်းသို့ ရောက်သွားလေသည်။ အပြင်ဘက်မှ မိုးများသည် ကျွန်တော်နှင့်အတူ တွဲအတွင်းသို့ ဆောင့်တိုးဝင်လာသည်။ လေများသည်လည်း တွဲအတွင်းတွင် ဘောင်ဘင်ခတ် ပြေးလွှားသွားလေ သည်။ ကျွန်တော်သည် ခဏမျှတွေ၍၊ ငြိမ်၍ ရပ်နေ၏။

ရှုန်းကန်သံ၊ ဆောင့်တွန်းသံ၊ ဆဲဆိုသံ၊ ဗလုံးဗထွေး ရေရွှတ်သံနှင့် လဲကျသွားသံတို့ကို အနီးကပ် ကြားလိုက်ရလေသည်။ လက်မတင်ကလေးမျှသာ ဖြစ်နေပေသည်။ ကျွန်တော့်ကိုယ်မှ သွေးကြောတို့သည် တောင့်ခိုင်သွားကြ၏။ ကျွန်တော်သည် မှောင်ထဲတွင် စူးစိုက်၍ကြည့်နေသည်။ တဖြည်းဖြည်းနှင့် မှောင်ထဲတွင် သူတို့အရိပ်များကို မြင်လာရလေသည်။ ထွန်းမောင်သည် လဲကျနေသော မိန်းကလေး၏ ကိုယ်မှအင်္ကျီများကို ဇွတ်ဆွဲဆုတ်နေသည်။

ကျွန်တော်သည် သူ့နောက်သို့ ဝင်ကပ်လိုက်၏။ (စာ - ၂၄၅ မှ)



## တောအကြောင်း တောင်အကြောင်း

| | |
|---|---|
| စာရေးသူ =နတ်နွယ် | |
| စာအုပ်တိုက် = စိတ်ကူးချိုချိုစာအုပ်တိုက် | |
| တန်ဖိုး = ၁၀၀၀၀ ကျပ် | |

ဆရာနတ်နွယ်၏ နာမည်ကျော်တောအကြောင်းတောင်အကြောင်း ဆောင်းပါးများဖြစ်ပါသည်။ ယခုစာ အုပ်တွင် ဆရာနတ်နွယ်၏ စာပေနှင့်ပတ်သက်သည့် စာပေရေးရာများ၊ လူပုဂ္ဂိုလ်များ၊ စာရေးဆရာကြီးများ၊ စာပေလောကမှ အဖြစ် အပျက် အကြောင်းအရာများ၊ စာပေလှိုင်းဂယက်များ၊ ပန်းချီဆရာများ မဂ္ဂဇင်းများ စသည့်စာပေနှင့်ပတ်သက်သမျှ တန်ဖိုးကြီးဆောင်းပါးပေါင်းချုပ်စာအုပ်တစ်အုပ်ဖြစ်ပါသည်။

"နင် ဘာမဟုတ် တာတွေ လျှောက်ပြောနေတာလဲ၊ အကုန်လုံး အမှားတွေချည်းပဲ"လူတွေအားလုံး ကြောင်သွားကြသည်။ မနေ့ကဇာတ်တိုက်တုန်းက ဤအကွက်မပါပါ။ ဒေါ်စိန်ခင်လည်း သူ့အား ဖနောင့်နှင့်ပေါက်သူကို ငေးကြောင်ပြီး ကြည့်နေသည်။ ဦးကြယ်နီနှင့် ဒါရိုက်တာတို့ကလည်း ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြသည်။ ကန့်လန့်ကာကြားထဲက ပြေးထွက်လာပြီး ဖနောင့်နှင့်ပေါက်သူမှာ ဆရာသုခပင်တည်း။

နောက်မှဆရာ၏ မျက်နှာကိုကြည့်ပြီး နောက်ပြောင်ကျီစယ်ခြင်းဖြစ်ကြောင်း မိမိတို့သိရှိရတော့သည်။ အမှန်တော့ ဆရာက နောက်ပြောင်ရုံသက်သက်မဟုတ်ပါ။ သူ ရောက်ရှိလာကြောင်း အများသိအောင် ကြေညာလိုက်ခြင်းဖြစ်သည်။ သူက ဇာတ်တိုက်သည်ကို ကန့်လန့်ကာကြားမှ ကြည့်နေပြီး အကွက်ဝင်သည်နှင့် တစ်ပြိုင်နက် ပြေးထွက်လာခြင်းဖြစ်သည်။ အမှားကို ထောက်ပြပြင်ဆင်ကာ အမှန်ကိုရွတ်ဆိုပြသည်။

"အင်း ဒါကြောင့်လည်း နာမည်ကျော် ဒါရိုက်တာတစ်ယောက်ဖြစ်ပေတာပဲ"ဟု မိမိစိတ်ထဲတွင် အောက်မေ့မိသည်။ ထိုနေ့က ဆရာ၏ ဇာတ်ပညာများကို မိမိမျက်မြင်ဖြစ်ရသည်။ မိမိကို ဇာတ်ရုံထဲတွင် ဆရာနှင့်မိတ်ဆက်ပေးသူမှာ မိုးဝေပင်ဖြစ်သည်။ ဆရာကထုံးစံအတိုင်းပင် ကိုလှတို့နေကောင်းသလား"ဟု မေးသည်။

သည့်နောက်ပိုင်းတွင် ဆရာနှင့် ရုံဖန်ရုံခါတွေ့ဆုံရသော်လည်း အရင်းနှီးကြီး မဟုတ်ပါ။ ပြုံးရုံ၊ နှုတ်ဆက်ရုံမျှသာ ဖြစ်သည်။ တစ်နေ့တွင် ဂလုပ်ရုံ (ဂုဏ်ရုံ)အောက်ရှိ ကိုတင်အောင် မစန်းစာအုပ်ဆိုင်သို့ မိမိရောက်ရှိသွားရာ ကိုတင်အောင်၏ညီ ကိုတင်မောင်က "အခုပဲ ဆရာဦးသုခပြန်သွားတယ်"။ မိမိဘာပြောရမှန်းမသိပါ။

မိမိနှင့်ဦးသုခ မည်သို့ပတ်သက်စရာ ရှိသနည်း။

"သူက ခင်ဗျားအကြောင်း ချီးကျူးသွားတယ်" (စာ - ၂၇၀ မိမိနှင့်ဦးသုခမှ)

# မိုးညှင်းတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်ဇနီးမှ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဇနီး ဒေါက်တာဂျေကော့ဘူနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်အချို့တို့သည် မိုးညှင်းမြို့သို့ လာရောက်ပြီး သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ကြေးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့မှုသည် နိုင်ငံတော် အစိုးရမှ အသက် ၉၀ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအား လစဉ် ထောက်ပံ့သော ထောက်ပံ့ကြေးငွေဖြစ်ပြီး ဇွန်လ ၂၉ရက်နေ့က မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

"အစိုးရအနေနဲ့ အသက်အရွယ်ကြီးနေပြီး သားသမီးကျောထောက်နောက်ခံမရှိတဲ့သူနဲ့ သားသမီးများရှိပါလျက်နဲ့ ထောက်ပံ့မှုမရှိကြတဲ့ သက်ကြီးရွယ်အို ဘိုးဘွားများကို ထောက်ပံ့ပေးတာ ဖြစ်ပါတယ်"ဟု ဒေါက်တာဂျေကော့ဘူက ပြောသည်။

အဆိုပါအခမ်းအနားတွင် မိုးညှင်းမြို့နယ်အတွင်း အသက်၉၀ နှင့်အထက် အဘိုးအဘွား ၁၅၉ ဦးအနက် ၁၀ ဦးတို့အား တစ်လလျှင်ငွေကျပ် တစ်သောင်းနှုန်းဖြင့် သုံးလစာပေးအပ်ခဲ့ပြီး ဝန်ကြီးချုပ်ဇနီးနှင့်အဖွဲ့က အဘိုးအဘွား ၃ ဦးတို့အတွက် အိမ်တိုင်ယာရောက်သွားရောက်ကာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၂၈၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၅၈၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၄၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| ငါးချဉ် | ၅၅၀၀ကျပ် |
| ငါးဆုပ် | ၈၅၀၀ ကျပ် |
| အိမ်ကြက် | ၁၀၀၀၀ကျပ် |
| ရိုးရိုးကြက် | ၆၀၀၀ကျပ် |
| ဝက်သား | ၁၃၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၁၈၀၀ကျပ် |
| မြန်မာအာလူး | ၁၅၀၀ကျပ် |
| တရုတ်အာလူး ၁ပိဿာ | ၁၀၀၀ ကျပ် |
| ကုလားပဲ | ၁၀၀၀ကျပ် |
| မြေပဲဆံ တစ်ဗူး | ၄၀၀ကျပ် |
| ကြက်ဥ | ၁၀၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| ကြက်သွန်နီ ၁ပိဿာ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ၁ပိဿာ | ၁၅၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီး ခြောက် ၁ပိဿာ | ၄၀၀၀ကျပ် |
| ချင်း | ၁၇၀၀ကျပ် |

# ဝိုင်နီသောက်ခြင်းရဲ့ ကျန်းမာရေးအကျိုးကျေးဇူး (၉) မျိုး



ဝိုင်တို့၊ ဘီယာတို့လို မူးယစ်စေတဲ့ အဖျော်ယမကာတွေထောင်မှ ပမာဏတစ်ခုနဲ့ ချင့်ချိန်သောက်သုံးတတ်မယ်ဆိုရင် ကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေကို ရရှိစေနိုင်ပါတယ်။

ဘယ်အရာမဆို တန်ဆေးလွန်ဘေးဆိုတာတော့ ရှိပါတယ်။ ဒါပေမဲ့ ဝိုင်တို့၊ ဘီယာတို့လို မူးယစ်စေတဲ့ အဖျော်ယမကာတွေထောင်မှ ပမာဏတစ်ခုနဲ့ ချင့်ချိန်သောက်သုံးတတ်မယ်ဆိုရင် ကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေကို ရရှိစေနိုင်ပါတယ်။ ဒီနေ့မှာတော့ ဝိုင်နီသောက်ခြင်းဖြင့် ရရှိနိုင်တဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ ကင်ဆာကာကွယ်နိုင်တယ်**

ဝိုင်နီထဲမှာ resveratrol ဆိုတဲ့ polyphenol (အပင်ကထွက်တဲ့ ဓာတုပစ္စည်းတစ်မျိုး) ပါဝင်ပြီး အဲဒီဓာတုပစ္စည်းဟာ antioxidant တစ်မျိုးအဖြစ် လုပ်ဆောင်ပေးနိုင်ပါတယ်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်ထဲက ဆဲလ်တွေကို ဒဏ်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပြီး နာတာရှည်ရောဂါတွေကိုလည်း တိုက်ဖျက်ပေးနိုင်ပါတယ်။ အထူးသဖြင့် ဝိုင်နီသောက်ခြင်းဟာ အူမကြီးကင်ဆာနဲ့ အဆုတ်ကင်ဆာတို့ကို ကာကွယ်ပေးနိုင်ပါတယ်။

**၂။ မှတ်ဉာဏ်အားနည်းခြင်းကို တိုက်ဖျက်ပေးနိုင်တယ်**

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သုတေသနတစ်ခုအရ စပျစ်သီးအနီရောင်နဲ့ ဝိုင်နီထဲမှာပါဝင်တဲ့ resveratrol ဆိုတဲ့ ဓာတုပစ္စည်းတစ်မျိုးဟာ အသက်အရွယ်ကြောင့် မှတ်ဉာဏ်အားနည်းခြင်းကို ကူညီကာကွယ်ပေးနိုင်ပါတယ်။

**၃။ နှလုံးနဲ့ နှလုံးသွေးကြောဆိုင်ရာရောဂါတွေကို ကာကွယ်နိုင်တယ်။**

Nature ဆိုတဲ့ဂျာနယ်ထဲမှာ ဖော်ပြထားတဲ့ တွေ့ရှိချက်တွေအရ ဝိုင်နီသောက်ခြင်းက endothelin-1 ဆိုတဲ့ ဓာတုပစ္စည်းတစ်မျိုးကို တိုက်ထုတ်ပေးနိုင်ပါတယ်။ အဲဒါဟာ သွေးကြောနံရံတွေပေါ်မှာ အဆီခဲခြင်းတွေ ကပ်ညိခြင်းကို ဖြစ်စေနိုင်တဲ့ ပရိုတိန်းဓာတ်တစ်မျိုးပါ။ သွေးကြောနံရံပေါ်မှာ အဆီတွေစုလာတဲ့အခါ နှလုံးသွေးကြောကျဉ်းခြင်းကို ဖြစ်စေနိုင်ပါတယ်။ ဝိုင်နီသောက်ခြင်းကတော့ ဒီရောဂါလက္ခဏာတွေ ဖြစ်မလာအောင် ကာကွယ်ပေးနိုင်ပါတယ်။

**၄။ ရောင်ရမ်းခြင်းကို တိုက်ဖျက်နိုင်တယ်**

American Chemical Society ရဲ့အဆိုအရ ဝိုင်နီထဲမှာ တွေ့ရှိရတဲ့ phenol ဓာတ်ဟာ သွေးထဲမှာပါတဲ့ ဆဲလ်လေးတွေ စုပေါင်းခြင်းကို ကာကွယ်ပေးနိုင်တဲ့အတွက် သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ နောက်ပြီးတော့ ဝိုင်နီဟာ သွေးကိုလည်း ကျဲစေတဲ့အတွက် ရောင်ရမ်းခြင်းကို အကောင်းဆုံး ခုခံတိုက်ဖျက်ပေးနိုင်ပါတယ်။

**၅။ အယ်လ်ဇိုင်းမားရောဂါ အန္တရာယ်မှကာကွယ်နိုင်တယ်**

ဝိုင်နီထဲမှာပါဝင်တဲ့ resveratrol ဓာတ်ဟာ အာရုံကြောကာကွယ်ပစ္စည်းတစ်မျိုးအဖြစ် လုပ်ဆောင်ပေးနိုင်ပြီး အယ်လ်ဇိုင်းမားရောဂါကို ဖြစ်စေနိုင်တဲ့သွေးကလပ်စည်းတွေကိုအရည်အသွေး လျော့နည်းစေနိုင်ပါတယ်။ ဒါပေမဲ့ အသက်အရွယ်ရလာချိန်မှာ ဖြစ်တတ်တဲ့ အာရုံကြောအားနည်းခြင်းကို တိုက်ဖျက်ပေးပါသေးတယ်။

**၆။ ဆီးချိုကာကွယ်နိုင်တယ်**

Oxidative stree ဆိုတာ ခန္ဓာကိုယ်ထဲမှာ အောက်ဆီဂျင်ဓာတ်ပြုခြင်းကြောင့် ဆဲလ်တွေမှာ ဓာတ်ဖြစ်ရတာပါ။ အဲဒီဖြစ်စဉ်ဟာ ဆီးချိုဖြစ်စေနိုင်တဲ့ သွေးတွင်းအချိုဓာတ်တွေကိုလည်း ဖန်တီးနိုင်ပါတယ်။ ဝိုင်နီသောက်ပေးမယ်ဆိုရင်တော့ ဆီးချိုသမားတွေအတွက်လည်း ဆီးချိုဖြစ်စေနိုင်တဲ့ လက္ခဏာတွေကို လျော့ချပေးနိုင်ပါတယ်။

**၇။ အရိုးပွရောဂါ မဖြစ်စေနိုင်ဘူး**

ဝိုင်နီထဲမှာပါဝင်တဲ့ ဆီလီကွန်ဓာတ်ဟာ အရိုးသိပ်သည်းဆကို ပိုမိုမြင့်မားစေပြီး အမျိုးသမီးတွေ သွေးဆုံးချိန်မှာ ဖြစ်တတ်တဲ့ အရိုးအားနည်းမှုဝေဒနာကို ကာကွယ်ပေးနိုင်ပါတယ်။ နောက်ပြီး သွေးဆုံးပြီးအမျိုးသမီးတွေအတွက် ဟော်မုန်းအစားထိုး ကုသနည်းမှာ အသုံးပြုတတ်တဲ့ estrogen ဆိုတဲ့ လိင်စိတ်ဟော်မုန်းကိုလည်း ဝိုင်နီက ပေးစွမ်းနိုင်ပါတယ်။

**၈။ သွေးတိုးကျစေတယ်**

ဝိုင်နီထဲမှာပါဝင်တဲ့ ဓာတ်တစ်မျိုးဖြစ်တဲ့ provinol ဟာ နိုက်ထရစ်အောက်ဆိုဒ်ကြောင့်ဖြစ်တဲ့ သွေးတိုးခြင်းကို ခုခံတိုက်ဖျက်ပေးပါတယ်။

**၉။ ကျောက်တည်ခြင်းမှ ကာကွယ်ပေးတယ်**

ဟားဗတ်တက္ကသိုလ် ဆေးကျောင်းမှာပြုလုပ်ခဲ့တဲ့ သုတေသနတစ်ခုအရ တစ်နေ့ကို ဝိုင်နီတစ်ခွက် ပုံမှန်သောက်သုံးသူတွေမှာ သည်းခြေကျောက်တည်ခြင်းကို ကာကွယ်ပေးနိုင်တယ်လို့ ဆိုပါတယ်။ ဝိုင်နီကို ပမာဏနည်းနည်းနဲ့ ချင့်ချိန်သောက်သုံးပေးမယ်ဆိုရင် သည်းခြေကျောက်နဲ့ ဆီးကျောက်တွေကို လျော့ချပေးနိုင်ပါတယ်။

**Source: Duwun.com.mm**

# ခြင်နိုင်ဆေးခွေ အန္တရာယ်

**ခြင်ဆေးခွေကို ဘာနဲ့လုပ်လဲ**

ခြင်ဆေးခွေမှာ အဓိကပါဝင်ပစ္စည်းက ပိုးသတ်ဆေးဖြစ်ပါတယ်။ တခြား ပါဝင်ပစ္စည်းတွေက ဗိုင်ဒါကော်၊ လွှစာမှုန့်၊ ဆိုးဆေး၊ ဓါတုအမွှေးအကြိုင်ဆေးရည်နဲ့ ခြင်ဆေးခွေကို ၈ နာရီကြာအောင် အထွန်းခံစေတဲ့ တခြားအဖြည့်ပစ္စည်းတွေ ဖြစ်ပါတယ်။

ခြင်ဆေးခွေတစ်ခွေကထုတ်လွှတ်လိုက်တဲ့ အဆိပ်ငွေ့ပမာဏဟာ စီးကရက် ၁၃၇ လိပ်က ထုတ်တဲ့ အဆိပ်ငွေ့ပမာဏနဲ့ ညီတယ်။

ခြင်ဆေးခွေတွေမှာ S-2 လို့ခေါ်တဲ့ ဓါတုပိုးသတ်ဆေးတစ်မျိုး ပါဝင်ပြီး အပြင်းထန်ဆုံးလို့ သတ်မှတ်ခံရတဲ့ ဓာတုထုတ်ကုန်ဖြစ်ပါတယ်။

**ဘာတွေဖြစ်နိုင်မလဲ**

ခြင်ဆေးခွေကထွက်တဲ့ အဆိပ်မှုန့်တွေကြောင့် အသက်ရှူရပ်တာ၊ မျက်စိယားယံတာ၊ ခေါင်းကိုက်တာ၊ လေပြွန်ယားယံတာ၊ အရေပြားပျက်စီးတာတွေကို ဖြစ်စေနိုင်ပါတယ်။ ရေရှည်မှာတော့ ကင်ဆာရောဂါနဲ့ ပန်းနာရင်ကျပ်ရောဂါ ဖြစ်လာနိုင်ပါတယ်။ နူးညံ့တဲ့လှုအဆုတ်နဲ့ အသက်ရှူလမ်းကြောင်းထဲ ဒီအဆိပ်မှုန့်တွေကို ရှူသွင်းနေတာ သတိထားမိကြသလား။ ဒါဟာ အဆုပ်နှင့် လည်ချောင်းကင်ဆာဖြစ်စေတဲ့ အဓိကအဆိပ်ငွေ့တွေပါပဲ။

လေ့လာမှုတွေအရကလေးတွေဟာ ခြင်ဆေးကြောင့် ချွဲကျပ်ရင်ကျပ်ရောဂါတွေကို အပြင်းထန်ဆုံး ခံစားနေရပါတယ်။

**စဉ်းစားစရာ** - ခြင်ထောင်ထောင်စရာ မလိုဘူး။ ကလေးသိပ်ထားတဲ့နံဘေးမှာ ချစ်စရာခြင်ဆေးခွေ မီးခိုးတလူလူနဲ့ အဲ့ဒါဟာ ကလေးကို ချိန်ကိုက်ဗုံးနဲ့ သတ်နေသလိုများ ဖြစ်မနေဘူးလား။

ခြင်ဆေးခွေအစား အသီးအနှံအခြောက်တို့ကို အသုံးပြုကြပါစို့။

**Movie View**

**▶ ယခုအပတ် ဇေယျာ(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၆ - ၇ - ၂၀၁၈ မှ ၁၂ - ၇ - ၂၀၁၈ အထိ

**မြန်မာကား**

နေ့လည် ၁၂ နာရီ ၄၅ မိနစ်မှာတစ်ကြိမ်၊ ၆ နာရီ ၄၅ မိနစ်မှာတစ်ကြိမ် - **ဝိညာဉ်စိမ်း**

**နိုင်ငံခြားကား**

ညနေပိုင်း ၃ နာရီခွဲတွင် - ANT MAN and The WASP










www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(ဇူလိုင် ၆ ၊ ၂၀၁၈)

# တောင်သူတစ်ဦးက ဖဲ့ငှားလိုက်သည့်ဘုံစားကျက် မြေယာပြဿနာကို သက်ဆိုင်ရာကကွင်းဆင်းဖြေရှင်းပေးစေလို



ဇွန် ၂၈

ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအုပ်စု အော်ရာယန်ကျေးရွာရှိ ဒေသခံတောင်သူအများပိုင် ဘုံစားကျက်မြေကို တောင်သူတစ်ဦးက ၎င်းပိုင်အနေဖြင့် ငှားရမ်းပေးလိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး မကျေနပ်သည့် ဒေသခံများက ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဇွန်လ ၁၈ ရက်က စာတင်ပြခဲ့သော်လည်း ယနေ့တိုင် စစ်ဆေးဆောင်ရွက်မှုမပြုသေးဟု ပြောသည်။

ယင်းကျေးရွာသား ဦးယိန်းဘောမ်က အဆိုပါစားကျက်မြေများအနက်မှ ၂၇ ဧကသည်မိမိဘိုးဘွားများလုပ်ကိုင်ခဲ့သည့် လယ်ဟောင်းဖြစ်ကြောင်းပြောဆိုကာ မြေတိုင်းတာ၍ ဝက်မွေးမည့်တရုတ်နိုင်ငံသားအား ငှားရမ်းပေးလိုက်ခြင်းကို ကျန်တောင်သူများက ကန့်ကွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသခံတွေက တောင်သူတွေဖြစ်တဲ့အတွက် စိုက်ပျိုးရေးနဲ့မွေးမြူရေးကိုပဲ အဓိကထားလုပ်ကိုင်တဲ့သူဖြစ်တဲ့အတွက် ဒီဘုံစားကျက်မြေဆိုတာ မရှိမဖြစ်လိုအပ်ပါတယ်။ တခြားမြေလည်း မရှိတော့ဘူး။ ပတ်ပတ်လည်မှာက တရုတ်တွေရဲ့ ရာဘာခြံတွေချည်းပဲ ရှိတယ်။ ဒါကြောင့် ဒီမြေကို လက်လွှတ်အဆုံးရှုံးခံလို့မရဘူး"ဟု တောင်သူကိုယ်စား ဦးထွန်းရှိန်ဇုန်းနူးကပြောသည်။

စားကျက်မြေဧရိယာ၏ အကျယ်အဝန်းကို တောင်သူများက တိုင်းတာထားခြင်းမရှိသည့်အတွက် ဧကမည်မျှရှိကြောင်း မသိကြသလို ယင်းမြေကို ကျေးရွာပိုင်ဘုံစားကျက်မြေအဖြစ်သတ်မှတ်ထားသော်လည်း သက်ဆိုင်ရာမှ ပြေစာသို့မဟုတ် ပုံစံ ၇ တို့ကို ရရှိထားခြင်းလည်းမရှိကြောင်း သိရသည်။

ထိုပြဿနာကို ကျေးရွာအဆင့်တွင် လူမှုရေးအရအကြိမ်ကြိမ်ဖြေရှင်းပေးရန် နယ်မြေမှူးများနှင့် အုပ်ချုပ်ရေးမှူးများက ကြိုးစားသော်လည်း ကျန်တောင်သူများ သဘောမတူသဖြင့် ယင်းပြဿနာမှာ ပြေလည်မှုမရှိဖြစ်နေကာ မြို့နယ်အဆင့်သို့ တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း ယင်းကျေးရွာနယ်မြေမှူး ဦးမင်းဇိုင်းဇယ်ခေါင်က ပြောသည်။

"ကျေးရွာအဆင့်မှာပဲ ဖြေရှင်းပေးဖို့ပြောတာ သူတို့က ဦးယိန်းဘောမ်ဘက်ပါသွားပြီဆိုတော့ ကျွန်တော်တို့ပြောတာကို လိုက်မလုပ်ပေးတော့ဘူး။ တစ်ဦးတစ်ယောက်အကျိုးအတွက် မကြည့်ဘဲနဲ့ အများအကျိုးအတွက် ကြည့်ပြီး ဖြေရှင်းပေးစေချင်ခဲ့တာ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးနဲ့ မြေစာရင်းတွင်က သူ့ဘက်ပဲဖြစ်နေတော့ မြို့နယ်ကိုစာတင်လိုက်ရတာပါ"ဟု တောင်သူဦးဇုန်းတိန်းက ပြောသည်။

ယင်းစားကျက်မြေကို လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်က ရာဘာစိုက်ပျိုးရေးစီမံကိန်းအဖြစ် ဝင်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များလက်မှ ကျေးရွာတောင်သူများက ပြန်လည်လုယူထားသောမြေ ဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ပိုင်အဖြစ် သတ်မှတ်ထားခြင်းမရှိဘဲ ဘုံစားကျက်မြေအဖြစ်သတ်မှတ်ထားသော မြေဖြစ်ကြောင်း ဒေသခံများကပြောသည်။

အကယ်၍ ယခုအငြင်းပွားမှုတွင် တောင်သူအများဘက်က ရှုံးလျှင်လည်း ထိုမြေပေါ်တွင် ဝက်မွေးရန်လုံးဝ သဘောတူမည်မဟုတ်ကြောင်း ဦးဇုန်းနူးက ပြောသည်။

"တကယ်လို့ ဦးယိန်းဘောမ်က သူ့ဘိုးဘွားရဲ့ မြေဟောင်းဖြစ်တယ်ဆိုပြီး သက်ဆိုင်ရာက ဖြေရှင်းပေးလိုက်ရင်တောင်မှ ကျန်ဒေသခံတောင်သူတွေကတော့ ဝက်မမွေးဖို့ကိုဆက်လက်ကန့်ကွက်နေဦးမှာပဲ။ စားကျက်မြေက ရေအိုင်ဖြစ်တဲ့အတွက် ဝက်ချေးတွေရောနေတဲ့ မြက်ကို ဘယ်ကျွဲ၊ နွားမှစားမှာမဟုတ်တော့ဘူး"ဟု ပြောသည်။

ထိုစားကျက်မြေတွင် အော်ရာယန်ကျေးရွာမှ တောင်သူများ၏ ကျွဲနွားများအပြင် အခြား လွယ်ကျော်၊ ဝေဘာ၊ ဝါရှောင် အစရှိသည့်ကျေးရွာများမှလည်း လာရောက်လွှတ်ကျောင်းခဲ့ကြောင်း၊ ဝက်မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်လုပ်မည်ဆိုပါကစားကျက်မြေပျက်စီးသွားမည် ဖြစ်သည့်အတွက် ယင်းကျေးရွာများရှိ ဒေသခံများသည်လုံးဝသဘောတူမည်မဟုတ်ကြောင်း ပြောသည်။

မွန်းမွန်းပန်

# စိုက်ဘဏ်ငွေစုစာအုပ်မှ လက်ကျန်ငွေနှင့်ပတ်သက်ပြီး တောင်သူနှင့် ဘဏ်တာဝန်ရှိသူတို့အငြင်းပွား



ဇွန် ၂၇

ဝိုင်းမော်မြို့၊ အောင်မြေ ၂ ကျေးရွာရှိ ဒေသခံတောင်သူများ လယ်ယာစိုက်ပျိုးရေးဘဏ်တွင် ငွေစုငွေချေးနည်းစနစ်ဖြင့် စုဆောင်းထားသည့်ငွေများကို ပြန်လည်ထုတ်ပေးလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည့်စိုက်ဘဏ်တာဝန်ရှိသူနှင့် မရရှိသေးသည့်တောင်သူများ အငြင်းပွားနေကြသည်။

"ကျွန်မတို့ တောင်သူတွေကို အခုလက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဘဏ်မန်နေဂျာက အရင်ကစုထားတဲ့ငွေတွေကို မင်းတို့ကိုအားလုံးပေးလိုက်ပြီဆိုတော့ ဒီနှစ်ကစပြီး စုငွေကိုအသစ်ကနေ ပြန်စုရအောင်လို့ပြောလာတယ်။ အဲဒါနဲ့တောင်သူတွေက အရင်မန်နေဂျာက စုငွေတွေကိုမပေးခဲ့ဘူးလို့ပြောတော့ ဘဏ်စာရင်းမှာ အားလုံးပေးပြီးပြီလို့ စာရင်းရှိတယ်လို့ပြောတယ်"ဟု တောင်သူဒေါ်ရွှယ်ဆန့်ကပြောသည်။

တောင်သူများသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှစပြီး မြေတစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် မိုးရာသီစိုက်ပျိုးစရိတ်နှင့် ဆောင်းရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးခဲ့ရာ ထိုသို့ထုတ်ယူတိုင်း ချေးငွေထဲမှ ငွေစုစာအုပ်တွင် ထည့်သွင်းစုဆောင်းခဲ့သည့် ငွေများဖြစ်ကြောင်းသိရပြီး လက်ကျန်ငွေပမာဏမှာ မများသော်လည်း ဒေသခံတောင်သူအယောက် ၁၀၀ ခန့်ရှိရာ ခန့်မှန်းချက်အရ တစ်ဦးလျှင်ကျပ် ၂၀၀၀ နှင့်အထက်ရှိသည့်အတွက်စုစုပေါင်းသိန်းဂဏန်းရှိကြောင်း ဒေါ်ရွှယ်ဆန့်က ရှင်းပြသည်။

"အစိုးရလယ်ယာစိုက်ဘဏ်ကသူတွေက ဘယ်လိုတွေ လုပ်ဆောင်နေကြသလဲဆိုတာ သိချင်တယ်။ ပြီးတော့ တောင်သူတွေရဲ့ ဘဝကမလွယ်ကူတဲ့အတွက် အစိုးရတွေအနေနဲ့ ဒီလိုလုပ်တာကောင်းသလား၊ တရားသလားဆိုတာကို စဉ်စားမိပါတယ်။ ကျွန်မတို့ပိုက်ဆံပြန်မရသည့်တိုင်အောင် အစိုးရဝန်ထမ်းတွေအနေနဲ့ သင်ခန်းစာဖြစ်ပါစေလို့ရည်ရွယ်ပြီး ပြောဆိုရတာပါ"ဟု ဒေါ်ရွှယ်ဆန့်က ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်က စိုက်ပျိုးရေးဘဏ်သို့ သွားရောက်မေးမြန်းရာ တာဝန်ရှိသူတစ်ဦးက "အားလုံးကို လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်တုန်းကစပြီး အကုန်ထုတ်ပေးထားဖြစ်ပါတယ်။ စိုက်ဘဏ်နဲ့အဆက်အသွယ် ပြတ်သွားတဲ့တောင်သူအနည်းပိုင်းလောက်ကပဲ လာမထုတ်တာ ဖြစ်မယ်။ တကယ်ပြန်လိုချင်တယ် ဆိုရင်တော့ ရုံးချုပ်ကိုတင်ပြပြီး ခွင့်ပြုချက်ပေးရင် ထုတ်ပေးလို့ရပါတယ်"ဟုပြောသည်။

စိုက်ပျိုးရေးဘဏ်မှတောင်သူများ စုထားသည့်ငွေများအနက် ၂၀၁၄ -၂၀၁၅ ခုနှစ်က တောင်သူအယောက်စီတိုင်းတွင် လက်ကျန် ကျပ် ၂၀၀၀ ချန်ကာရုံးချုပ်၏ ခွင့်ပြုချက်ဖြစ် တောင်သူများကိုထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ယခုနှစ်မှစပြီး တောင်သူများစုထားသည့်ငွေများအနက်လက်ကျန်ငွေကျပ် ၁၀၀၀၀ ချန်ကာ စုငွေထုတ်ခွင့်ရတော့မည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဘဏ်တွင် ယခင်နှစ်များက ကျပ် ၁၀၀ လျှင် တစ်ကျပ်အတိုးနှုန်းဖြင့် စုခဲ့သောငွေများကို ကျပ် ၃၀၀၀ မှစပြီး အတိုးအဖြစ် ၈ ရာခိုင်နှုန်း ယခုနှစ်မှစပေးတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဘဏ်မှတာဝန်ရှိသူကရှင်းလင်းပြောသည်။

ထို့အပြင် တောင်သူများသည် ချေးငွေထုတ်ချေးတိုင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်ထောက်ခံစာယူရန် ၁၀၀၀ ကျပ်ပေးရပြီး ဖောင်ဖြည့်ပေးသည့် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကို ၃၀၀၀ ကျပ်ပေးရကြောင်း၊ စိုက်ပျိုးရေးဘဏ်တွင် ချေးငွေသွားရောက်ထုတ်ယူချိန်များတွင်လည်း ဝန်ထမ်းများက တောင်သူများကို ဆက်ဆံရေးမကောင်းသည့်အတွက် တောင်သူများ စိတ်မကောင်းဖြစ်ရကြောင်းနှင့် တောင်သူများ၏ စိတ်ခံစားချက်ကိုလည်း ပြောဆိုထုတ်ဖော်ခွင့်မပေးကြောင်း တောင်သူများက ပြောသည်။

မွန်းမွန်းပန်

စာ - ၁၁ မှ »

**ဟုတ်ကဲ့အခုလို ဖြေကြားပေးတဲ့ ဆရာမကို ကျေးဇူးတင်ပါတယ်။ ဆရာမတို့စင်တာအနေနဲ့ ပြည်သူကိုပြောချင်တာများရှိရင် ဖြည့်စွက်ပြီး ပြောစေချင်ပါတယ်။**

ဟုတ်ကဲ့ ကျွန်မထပ်ပြီးတော့မှ Emphasize လုပ်ချင်တာ၊ High Light လုပ်ချင်တာကတော့ ကျွန်မတို့စင်တာဟာ ဆိုလို့ရှိရင် တရားမျှတမှုကို ဖော်ဆောင်ပေးနေတဲ့ သူတွေနဲ့အတူ ပြည်သူလူထုကြားထဲမှာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုများပြားလာစေချင်တယ်ပေါ့နော်၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်ပဲ ယုံကြည်မှုတွေ တည်ဆောက်နိုင်မယ်ပေါ့။ Justice Provider နဲ့ Community ကြားမှာ ယုံကြည်မှုနဲ့ပူးပေါင်းဆောင်ရွက်မှုတိုးမြင့်လာမှသာလျှင် တရားဥပဒေစိုးမိုးရေးလည်း ပိုမိုအားကောင်းလာမယ်လို့ ကျွန်မတို့ကယုံကြည်ပါတယ်။ အဲဒါကြောင့် ကိုယ့်နိုင်ငံမှာ ကိုယ့်ဒေသမှာ တရားဥပဒေစိုးမိုးလာဖို့ဆိုရင် အယောက်စီတိုင်းမှာ တာဝန်ရှိတယ်၊ အယောက်စီတိုင်းရဲ့ ပူးပေါင်းပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးတယ်၊ ပြည်သူလူထုဆိုလည်း ပြည်သူလူထုအလျောက် တရားမျှတမှု ဖော်ဆောင်ပေးတဲ့သူဆိုလည်း တရားမျှတမှု ဖော်ဆောင်ပေးနေတဲ့သူအလျောက် သူ့အခန်းကဏ္ဍနဲ့သူ ပူးပေါင်းပါဝင်ဖို့က အရေးကြီးပါတယ်လို့၊ ဒါကြောင့် အားလုံးပူးပေါင်းပါဝင်ဖို့ ပြောလိုပါတယ်။ ပြည်သူတွေအနေနဲ့ ကျွန်မတို့စင်တာမှာလာပြီး ဥပဒေနဲ့ဆိုင်တဲ့ စာအုပ်တွေ လာရောက်ဖတ်ရှုလို့ရပါတယ်၊ မှတ်ပုံတင်သွင်းပြီး စာအုပ်တွေငှားလို့လည်းရပါတယ်၊ အင်တာနက်လည်း လာသုံးလို့ရပါတယ်လို့လည်း ဖိတ်ခေါ်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဇော်နိုင်ဦး

# မန်ခိန်မှာ အိမ်ငှားနေပြီးမြို့ထဲမှာ ဆိုင်ကယ် လိုက်ခိုးတဲ့ အုပ်စုမိပြီ



ခိုးယူထားသော ဆိုင်ကယ်များအား အမှတ် (၁) ရဲစခန်းတွင် သိမ်းဆည်းထား

မြစ်ကြီးနား၊ ဇွန် ၃၀

မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်တွင် အိမ်ငှားနေထိုင်ကာ ဆိုင်ကယ်များ လိုက်လံခိုးယူနေသည့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးကို ဇွန်လ ၂၉ ရက်က ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

၄င်းတို့ကို ရှမ်းစုတောင်ရပ်ကွက်မှ ခိုးယူထားသည့် ဆိုင်ကယ်လိုက်လံရောင်းချနေစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များတွင် မကြာခဏဆိုင်ကယ်များ ပျောက်ဆုံးနေသဖြင့် အမြန်စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများ လှည့်ကင်းဆောင်ရွက်နေစဉ် ဆိုင်ကယ် ၂ စီးဖြင့် လူနှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် မေးမြန်းရာမှ ဆိုင်ကယ်လက်ဝယ်ပိုင်ဆိုင်နေသည့်အကြောင်းကို ခိုင်လုံစွာပြောဆိုနိုင်ခြင်းမရှိသဖြင့် အမျိုးသားတစ်ဦးကို ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။

ကျန်အမျိုးသားတစ်ဦးမှာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားသဖြင့် ဖမ်းမိသူကို စစ်ဆေးမေးမြန်းရာ မန်ခိန်ရပ်ကွက်တွင်နေထိုင်ကြောင်း သိရ၍ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးတို့က ၎င်းတို့နေထိုင်သည့် အိမ်အတွင်းသို့ဝင်ရောက်ရှာဖွေခဲ့ရာ မူလထွက်ပြေးသွားသူကို မတွေ့သော်လည်း ခိုးယူထားသည့် ဆိုင်ကယ် ၇ စီးနှင့် ဆိုင်ကယ်ပြင်ပစ္စည်းများကိုလည်းကောင်း၊ ၎င်းတို့နှင့်အတူနေထိုင်သည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထွက်ပြေးနေသည့် အမျိုးသားကို ထပ်မံစုံစမ်းရာ ဇွန်လ ၃၀ ရက်တွင် ၎င်း၏ဆိုင်ကယ်နှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးခံရသူ အမျိုးသားသုံးဦးက နည်းပညာအထက်တန်းကျောင်းရှေ့ ဆိုင်တွင် အမျိုးသားနှစ်ဦးထံ ဝမ်းတူးဖိုက်ဆိုင်ကယ်ငါးစီးရောင်းချထားကြောင်း ထွက်ဆိုခဲ့သဖြင့် ထိုသူတို့ကိုသွားရောက်မေးမြန်းရာ ဆိုင်ကယ်ငါးစီးကို မြို့မရဲစခန်းသို့ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့မြို့ပေါ်ရပ်ကွက်များမှ ခိုးရာပါဆိုင်ကယ်များနှင့်အတူ တွေ့ရှိသူများကို မြို့မရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၈၀ (မော်တော်ဆိုင်ကယ်)/ကျင့် - ၅၄ တို့ဖြင့် အမှုဖွင့်အရေးယူထားပြီး ဆက်လက်၍ ပျောက်ဆုံးနေသည့် ဆိုင်ကယ်များကို ဖော်ထုတ်သိမ်းဆည်းနိုင်ရေးအတွက် စစ်ဆေးမေးမြန်းလျှက်ရှိကြောင်း သိရသည်။

ခိုးယူထားသည့် ဆိုင်ကယ်မျိုးစုံ ၁၄ စီးကိုမြို့မရဲစခန်းတွင် သိမ်းဆည်းထား၍ ဆိုင်ကယ်ပျောက်ဆုံးဖူးသည့် ပြည်သူများအနေဖြင့် မိမိတို့ဆိုင်ကယ်ပါ/မပါ လာရောက်ကြည့်ရှုကာ မိမိဆိုင်ကယ်ပါဝင်ပါက လိုင်စင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေပိုင်ဆိုင်ခဲ့ကြောင်း အထောက်အထားတစ်ခုခု ပြသပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်

# တရုတ်နိုင်ငံသား နှစ်ဦးကိုသတ်သည့် အလုပ်သမား နှစ်ယောက်ကိုတနိုင်းမြို့တွင် ဖမ်းဆီး

မြစ်ကြီးနား၊ ဇူလိုင် ၂

သုံးရက်စာလုပ်အားခ အကြွေးမပေးသည့်ကိစ္စနှင့်ပတ်သက်ပြီး ကုမ္ပဏီမှတရုတ်နိုင်ငံသားနှစ်ဦးကို သတ်ဖြတ်လိုက်သည့် တရားခံဆိုသူအမျိုးသားနှစ်ဦးကို တနိုင်းမြို့တွင် ဇွန်လ ၃၀ ရက်က ဖမ်းဆီးခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါအမျိုးသားနှစ်ဦးမှာ ဝိုင်းမော်မြို့နယ်၊ ဒဘတ်ယန်ကျေးရွာနှင့် ၃ မိုင်ခန့်အကွာရှိ စောသန္တာဝင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကုမ္ပဏီတွင် မြေပြုပြင်ရေး ပြုလုပ်နေစဉ် မေလ ၂၅ ရက်က တရုတ်နိုင်ငံသားနှစ်ဦးကိုသတ်၍ ထွက်ပြေးတိမ်း ရှောင်သွားသူများဖြစ်ကြောင်း သိရသည်။

"တရားခံတစ်ဦးကိုတော့ တနိုင်းမှာရှိတဲ့ အဒေါ်အိမ်မှာ သွားနေတယ်လို့သတင်းရလို့ ပြည်နယ်ရဲအဖွဲ့က လိုက်သွားပြီး စုံစမ်းတော့ ထန်းပရားပယင်းမှော်မှာ ဖမ်းဆီးခဲ့ပြီး စစ်ဆေးမေးမြန်းတဲ့အခါ သူနဲ့အတူသတ်တဲ့ တရားခံနောက်တစ်ဦးကို ပြန်သိရလို့ ရွှေမှော်မှာ ပြန်ဖမ်းဆီးရမိခဲ့ပါတယ်" ဟု ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်အတွင်း ယာယီနေထိုင်ခွင့်ဖြင့် နေထိုင်သူ တရုတ်အမျိုးသားနှစ်ဦးသည် တရုတ်နိုင်ငံ၊ ကွမ်ရှီးပြည်နယ်မှ လာရောက်သူများဖြစ်ကြပြီး ထို့အမျိုးသားနှစ်ဦးကို သတ်မှုနှင့်ပတ်သက်ပြီး တရားခံဟုယူဆရသူ အမျိုးသားနှစ်ဦးကိုဝိုင်းမော်မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ - ၃၀၂/၁၁၄ အရအမှုဖွင့်ကာ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ အရမည်သူမဆို လူသတ်မှုကိုကျူးလွန်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဖြစ်စေ၊ ဆယ်နှစ်အထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ဖော်ပြထားသည်။

မွန်းမွန်းပန်

# ဟိုပင်မြို့တွင် ဝက်တင်ကားတိမ်းမှောက်၍ လူသေဆုံး

မိုးညှင်း၊ ဇွန် ၃၀

ဟိုပင်မြို့၊ ကြာကြီးကွင်းကျေးရွာ ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ်တွင် ဝက်အရှင်များတင်လာသော ကားတစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ တိမ်းမှောက်မှုကြောင့် ကားပေါ်ပါဝက်ထည့်စင်အပေါ်၌ လိုက်ပါလာသူ ထီးချိုင့်မြို့နယ် ဆင်ဖြူဆိပ်ကျေးရွာမှ အသက် ၂၀ နှစ်အရွယ် ရန်အောင်မိုးဆိုသူပွဲချင်းပြီးသေဆုံးခဲ့ပြီး အသက် ၄၁ နှစ်ရှိ ချစ်ဦးဆိုသူမှာမေးစေ့အောက်တွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ရင်ဘတ်အောင့်ပြီး ခြေသလုံးတွင် နာကျင်ဒဏ်ရာတို့ရရှိခဲ့ကာ အသက်၃၇နှစ်ရှိ ကျော်ကျော်ဆိုသူ ရင်ဘတ်တွင်နာကျင်ဒဏ်ရာများ၊ ဘယ်ဘက်ခါးတွင် နာကျင်ဒဏ်ရာတို့ရရှိခဲ့ကြကြောင်းသိရသည်။

"အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကိုတိမ်းမှောက်တဲ့အချိန် ဝက်အကောင်တွေကို ထည့်ထားတဲ့စင်က ဖိမိပြီးသေဆုံးသွားတာတွေ့ရပါတယ်"ဟု ဒုရဲအုပ်ဆုဝေက ပြောသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုသည် ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ် မိုင်တိုင်အမှတ် 342KM/343KMကြားတွင် မြစ်ကြီးနားမြို့ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာမှ အသက် ၃၉ နှစ်ရှိ မြင့်ဇော်ဆိုသူမောင်းလာသောYGN-7k4642 NISSAN CONOR အမျိုးအစားကားသည် မိုးရွာသွန်းနေစဉ် အရှိန်မထိန်းနိုင်ဘဲ ဇွန်လ ၂၉ ရက်မနက် ၇ နာရီခွဲအချိန်ခန့်က တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

လူသေဆုံးသည်အထိ မဆင်မခြင်မောင်းနှင်ခဲ့သော ယာဉ်မောင်း မြင့်ဇော်ဆိုသူအား ယာဉ်(ပ)၁၁/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၇ဖြင့် အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း ဟိုပင်ရဲစခန်းက သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# မူးယစ်ဆေးသုံးစွဲရန် စိန်နားကပ်နှင့် သံသေတ္တာခိုးယူသူအား ဟိုပင်ရဲ ဖမ်းဆီးမိ

မိုးညှင်း၊ ဇူလိုင် ၁

ဟိုပင်မြို့တွင် မူးယစ်ဆေးစွဲနေသူအမျိုးသားတစ်ဦးမှစိန်နားကပ်နှင့်အတူ သံသေတ္တာခိုးယူခဲ့သဖြင့် ရှာဖွေဖမ်းဆီးခဲ့ရကြောင်း ဟိုပင်နယ်မြေရဲစခန်းက သိရသည်။

အဆိုပါ ဖမ်းဆီးမိခဲ့သူမှာ ဟိုပင်မြို့၊မြို့မမြောက်ရပ်ကွက်နေ အသက်၄၂နှစ်ရှိ မောင်လွင်(ခ)မျိုးလွင်ဆိုသူဖြစ်ပြီး ရပ်ကွက်အတွင်း သံသေတ္တာတစ်လုံး လိုက်လံရောင်းချနေစဉ် စစ်ဆေးခဲ့ရာမှ လူနေအိမ်တစ်အိမ်မှခိုးယူခဲ့ကြောင်း သိရသဖြင့်ဇူလိုင်လ ၁ရက်ကဖမ်းဆီးခဲ့ကြောင်း ဟိုပင်ရဲစခန်းနယ်ထိန်းအဖွဲ့မှ သိရသည်။

ဖမ်းဆီးခံရသူ မောင်လွင်ဆိုသူ ထမ်းလာသောသံသေတ္တာမှာ ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက် နယ်မြေ(၂) သီရိမင်္ဂလာလမ်းနေ ကိုဂျင်မီဆိုသူ၏ နေအိမ်မှခိုးယူခဲ့ခြင်းဖြစ်ပြီး မြန်နန္ဒာလမ်းမပေါ်၌ သံသေတ္တာတစ်လုံးကို ထမ်းပြီး လိုက်လံရောင်းချနေခဲ့ကြောင်း သိရသည်။

ကိုဂျင်မီက အဘွားဖြစ်သူ အိပ်ခန်းအတွင်းရှိ ခုတင်အောက်တွင် သိမ်းဆည်းထားသော အဝတ်အစားများနှင့် ကျောက်ဖြူနားကပ် တစ်ရံတို့ ထည့်ထားသည့် စိန်တံဆိပ်ပါ သံသေတ္တာနှင့်အတူ ကျွန်းသေတ္တာအတွင်းမှ ငွေကျပ်နှစ်သိန်းတို့ကိုခိုးယူခဲ့ပြီး အဝတ်အစားများကို သဲဖြူချောင်းဘေးအမှိုက်ပုံတွင် စွန့်ပစ်ကာ နားကပ်တစ်ရံကို ဟိုပင်ဘူတာကြီးအရှေ့ရှိ စိုးရတနာရွှေဆိုင်တွင် ရှစ်သောင်းကျပ်ဖြင့် ပေါင်နှံခဲ့ကြောင်း ခိုးယူခဲ့သောငွေ၂သိန်းကျပ်ကို မူးယစ်ဆေးအားသုံးစွဲခဲ့သည်ဟု ထွက်ဆိုခဲ့ကြောင်း သိရသည်။

ခိုးရာပါ သက်သေပစ္စည်းနှင့်အတူတွေ့ရှိခဲ့သူ မောင်လွင်ဆိုသူအား (ပ)၃၁/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၈၀/ကျင့်၅၄ ဖြင့် အမှုဖွင့်ကာဟိုပင်နယ်မြေရဲစခန်းတွင်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်

ထွန်းထွန်း(မိုးညှင်း)



မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၆ ၊ ၂၀၁၈ )

# ကေအိုင်အိုထိန်းချုပ်နယ်မှ စစ်ရှောင်ကျောင်းသားများကို အရည်အချင်းပြန်လည်စစ်ဆေးခြင်းက ထိုကျောင်းမှ ဆရာများကို အယုံအကြည်မဲ့ရာကျကြောင်း ဆရာမတစ်ဦးပြော

မြစ်ကြီးနား၊ ဇွန် ၁၉

ကေအိုင်အိုထိန်းချုပ်နယ်မြေမှ ပြောင်းရွှေ့လာသော စစ်ရှောင်ကလေးများကို အရည်အချင်းပြန်လည်စစ်ဆေးပြီးမှ ကျောင်းလက်ခံခြင်းက သင်ကြားသည့်ဆရာ၊ ဆရာမများကို မယုံကြည်သည့်သဘောကို ဆောင်နေသည်ဟု ကေအိုင်အို ထိန်းချုပ်နယ်မြေ၊ ကဆုန့်ကျေးရွာမှ ကျောင်းဆရာမ ဒေါ်နန်ဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

တိုက်ပွဲများကြောင့် ကေအိုင်အို ထိန်းချုပ်နယ်မြေအရပ်ဒေသအသီးသီးမှ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ မိုးကောင်း၊ ဗန်းမော်နှင့် ရွှေကူမြို့ နယ်ဘက်သို့ ရောက်ရှိနေကြသော စစ်ရှောင်ကျောင်းသားများသည် ယခုပညာသင်နှစ်အတွင်း အတန်းသစ်များတက်ရောက်ကာ ပညာသင်ယူနိုင်ရေး အရည်အချင်းစစ်စာမေးပွဲ Placement Test များကိုဖြေဆိုခဲ့ရသည့်အတွက် ထိုသို့ပြောဆိုခြင်း ဖြစ်သည်။

“ပညာရေး အစိုးရဘက်က နေဒီလိုလုပ်တာက ကျွန်မတို့ကိုမယုံတာပဲ။ ကျွန်မတို့ကို မယုံတာထက် ကလေးတွေကို တစ်ခါပြန်ပြီး စိတ်ဒုက္ခပေးတာပဲ။ တကယ်လို့ကလေးတွေက အဲဒီစာမေးပွဲအောင်မှ အတန်းသစ်ပြန်တက်ရမယ်။ ကျတဲ့ကလေးတွေကကော သင်ခဲ့ပြီးသားအတန်းမှာ ပြန်နေရမှာလား။ နောက်ပြီး စာမေးပွဲဖြေဖို့အချိန်က ဒီတစ်ပတ်လောက်ပဲပေးတာကလေးတွေကဘယ်လိုလုပ် စာကျက်နိုင်ကြမှာလဲ။ စစ်ဘေးကလည်း ပြေးလာရသေးတယ်။ ပညာသင်ဖို့ကျတော့လည်း စာမေးပွဲက ပြန်ဖြေနေရတယ်။ စာမေးပွဲဖြေပြီးမှ ကျောင်းဝင်နံပါတ်တွေလည်း ထုတ်ပေးမှာဆိုတော့ ဒါကယုံကြည်မှုမရှိတာပါ” ဟု ဆရာမဒေါ်နန်ဂျာက ပြောသည်။

ကေအိုင်အိုထိန်းချုပ်နယ်မြေမှ ကျောင်းများတွင် သင်ကြားရေး ကြားခံဘာသာစကားအဖြစ် ကချင်(ဂျိန်းဖော့) ဘာသာကိုအသုံးပြုပြီး၊ အစိုးရ၏ သင်ရိုးညွှန်းတမ်းအတိုင်း သာသင်ကြားခဲ့သည်ဟု သိရသည်။

စစ်ရှောင်ကျောင်းသားများအား စာမေးပွဲများစစ်ဆေးရာတွင် ၇ တန်းနှင့်အောက် အတန်းများကို သက်ဆိုင်ရာကျောင်းအုပ်ကြီး၏အစီအစဉ်ဖြင့်စစ်ဆေးမည်ဖြစ်ပြီး ၈တန်းနှင့်၉တန်းကိုပြည်နယ်မေးခွန်းများဖြင့် စစ်ဆေးမည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။


မြစ်ဆုံတန်ဖဲ စစ်ရှောင်စခန်းမှ ယာယီစာသင်ခန်း
ဓာတ်ပုံ - ဆိုင်းလတ်အောင်

“အားလုံးဖြေကြရမယ်။ အတန်းကြီးဖြစ်တဲ့ ၈တန်း၊ ၉ တန်းကို ဆရာတို့ပြည်နယ်က နေပဲ မေးခွန်းထုတ်ပြီး မေးမယ်။ စစ်မယ်လို့သာပြောထားတာ အခုထိကို စစ်ရှောင်ကျောင်းသားတွေရဲ့ စာရင်းတွေရောက်မလာသေးဘူး။ ကျတဲ့ကလေးတွေက အတန်းသစ်မတက်ရဘဲ အဲဒီအတန်းမှာပဲ ပြန်နေရမှာပါ။ အောင်တဲ့ကလေးတွေတော့ အတန်းသစ်တက်ရမယ်။ တကယ်လို့ ကျသွားရင်တောင် အတန်းမလျှော့ပါဘူး။ အဲဒီအတန်းဟောင်းမှာပဲ ပြန်နေရမယ်” ဟု ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက ပြောသည်။

၂၀၁၈ ခုနှစ်မေလ ၁၅ ရက်တွင်ပြည်နယ်ပညာရေးမှူးရုံးမှ ကောက်ယူထားသော စာရင်းများအရ စစ်ဘေးရှောင်စခန်းများမှ ကျောင်းသူကျောင်းသားများအရေအတွက်မှာ တနိုင်းမြို့နယ်ရှိ စိန့်ဂျိုးဇက်စစ်ရှောင်စခန်းတွင် ၁၉၈ ဦး၊ ဖားကန့်မြို့နယ်ရှိ လဝါးစစ်ရှောင်စခန်းတွင် ၁၉၃ ဦး၊ မိုးကောင်းမြို့နယ်ရှိ မိုးကောင်း KBC စခန်းတွင် ၂၃၉ ဦး၊ မြစ်ကြီးနားမြို့နယ်ရှိ တြီနတီစစ်ရှောင်စခန်းတွင် ၃၈၇ ဦး၊ ဂျော်မဆပ်စစ်ရှောင်စခန်းတွင် ၁၉၃ ဦး နှင့် ကောင်းကင်ဘုံဘုရင်မကက်သလစ်စစ်ရှောင်စခန်းတွင် ၇၂၈ဦး၊စုစုပေါင်းကျောင်းသူကျောင်းသား ၁၉၃၈ ဦး ရှိသည်ဟု သိရသည်။

ဆိုင်း (ကချင်မြေ)




## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ၊ အောင်ချမ်းသာ ရပ်ကွက်၊ အိမ်အမှတ် (၆/၁၂၈) တွင်နေထိုင်သူ မခင်မျိုးချစ် သည် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း နာမည်တွင် မခင်မျိုးချစ် ဖြစ်နေပြီး၊ နိုင်ငံသားစိစစ်ရေးကဒ်တွင် မ ခင်မျိုးအောင်ဟု ကွဲလွဲနေပါသဖြင့်အမည်မှန်မှာ မခင်မျိုးချစ် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မခင်မျိုးချစ်
၁/မကန (နိုင်) ၂၃၂၃၉၆




## Masters scholarships at the University of Cape Town

Masters Public Health, Community Eye Healt နှင့် Postgraduate Diploma Community Eye Health ပညာရပ်များကို University of Cape Town, South Africa တွင် သင်ယူနိုင်ရန်ပေးအပ်သော ပညာသင်ဆုများကို ၂၀၁၉ ပညာသင်နှစ်အတွက် လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ 31 July 2018 ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://cehc.lshtm.ac.uk/uct-scholarships/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီးပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Helmut-Schmidt Scholarship Programme 2018

Germany နိုင်ငံရှိ Politic, law, Environment နှင့် Administration ပညာရပ်များကို Master Degree ရယူနိုင်ရန် Deutscher Akademischer Austausdienst German Academic Exchange Service မှ ပေးအပ်သော scholarship ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ July 31st, 2018 ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://mentorks.net/2018/04/27/helmut-schmidt-programme-daad-master-scholarship-germany/တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ဝိုင်းမော်မြို့ရပ်ကွက် (၁)၊ အိမ်အမှတ် (၅၂၈) တွင်နေထိုင်သော အဘ ဦးဇခုန်ခေါင်လွမ်း (ခ) ခေါင်ဂျယ် နှင့် အမိ ဒေါ်ဂျုံး ညွှယ် တို့၏ သမီး မြစ်ကြီးနားမြို့ အထက (၁) ကျောင်းဒသမတန်း (B7) တွင်တက်ရောက်နေသော မ အက်စတာကို အက်စတာဂျယ်လော၊ ဟု ပြင်ဆင်ခေါ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

# တိမ်တောက်ချိန်တွင် ရှင်သန်ကြသူများ




၂၀၁၈ ခုနှစ် ၅ လပိုင်း ၂၆ ရက်နေ့ နံနက် ၁၀ နာရီအချိန် ဧရာဝတီမြစ်ကမ်းနံဘေးရှိ Kiss Me စားသောက်ဆိုင်လေးတွင် ရယ်သံမောသံ သောသောညံညံ သက်ဝင်လှုပ်ရှားလျက်ရှိနေပါသည်။ မိမိတို့ရောက်ရှိနေသော ဘဝသက်တမ်းကို မေ့လျော့ကာ တစ်ဦးနှင့်တစ်ဦး ဝမ်းသာကြည်နူးစွာ တွေ့ဆုံနှုတ်ဆက်နေကြသော သူတို့ကား အငြိမ်းစားအပင်အိုကြီးများပင် ဖြစ်ပါသည်။ တစ်ချိန်က ပညာရေးတာဝန်ကို ကျရာအဆင့်ရောက်သည့်နေရာတွင် နှစ်ပေါင်းများစွာ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြပါသည်။ အငြိမ်းစားယူကြပြီးနောက် သူ့ဆီကိုယ်မသွားနိုင် ကိုယ့်ဆီသူမလာနိုင်၊ ပို့ပေးမည့်သူရှိမှ သွားလာနိုင်ကြသဖြင့် ယနေ့လို ကျောင်းသားဟောင်းများက တွဲခေါ်ပေးပြီး ကားဖြင့် ကြိုပို့ပေးကြသည့်အတွက် အဆင်ပြေပြေရောက်လာနိုင်ကြခြင်း ဖြစ်ပါသည်။ နေဝင်ချိန်နီးပြီဖြစ်သော်လည်း ယခုလိုတွေ့ဆုံကြ၊ နှုတ်ဆက်ကြ၊ အမှတ်တရစကားများ ပြောဆိုကြသောအခါ နှိုပ်ဂျူလန်းဆန်းတက်ကြွနေကြပါသည်။ တွေ့ကြုံဆိုခိုက် ပြောမဆုံး၊ ပျော်မဆုံး၊ တပြုံးပြုံး၊ အသက်အရွယ်ပင် အနှစ်၃၀လောက်ငယ်သွားသည်ဟု ထင်ကြသည်။ စိတ်တူကိုယ်တူ တွေ့ဆုံခြင်း၏ ခံစားချက်ကို မည်သည့်အရာနှင့်မျှ နှိုင်းဆတန်ဖိုးဖြတ်၍ မရနိုင်လောက်အောင် ဝမ်းသာကြည်နူးပျော်ရွှင်ကြပါသည်။

ဤသို့ပင် ၂၄. ၁၁. ၂၀၁၇ ရက်နေ့က ဤနေရာတွင် ပထမအကြိမ် ဆုံခဲ့ကြပါသည်။ အလက (၃) တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာမကြီးများ၏ စေတနာ၊ ဧည့်ခံမှုဖြင့် အမှတ်တရမိတ်ဆုံစားပွဲလေးတွင် ဆုံခဲ့ကြရာမှ နောက်တစ်ကြိမ် တွေ့ဆုံနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေကြသည့်အခါ အထက (၂)တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာမကြီးများက ကျွေးမွေးဧည့်ခံရေး တာဝန်ကြမည်ဟု ဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်အောင် ကြိုးစားခဲ့ကြသဖြင့် ပြန်လည်ဆုံစည်းခဲ့ကြခြင်း ဖြစ်ပါသည်။ ဖိတ်ကြားခံရသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ၃၅ ဦး၊ ကျောင်းသားဟောင်းများ ၁၁ ဦး တက်ရောက်ကြသဖြင့် ပို၍ စုံပါသည်။ ဝမ်းနည်းစွာ ဖော်ပြရမည့် ရာသက်ပန်ပျက်ကွက်သွားသူမှာ အထက ၅ ကျောင်းအုပ်ဆရာကြီး(အငြိမ်းစား) ဆရာကြီးဦးပေါမြင့် ဖြစ်ပါသည်။ ဆရာကြီးသည် လွန်ခဲ့သော သုံးလခန့်က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ "ကောက်ရိုးနွယ်" ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးခဲ့သူ ဖြစ်ပါသည်။ ပထမအကြိမ် တွေ့ဆုံပွဲ၏ ဆောင်းပါးလေးကို ချန်ရစ်ခဲ့ပါသည်။ ဆရာကြီး၏ ဇနီးက ပို့ပေးခဲ့၍ ပြည်နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်သန်းနွဲ့က ဖတ်ပြပါသည်။ အမှတ်တရစကားလေးများ ကြားရ၍ ပြည်နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သန်းနွဲ့က ဖတ်ပြပါသည်။ အမှတ်တရစကားလေးများ ကြားရ၍ အားလုံး ဝမ်းနည်းကြရပါသည်။ ပထမအကြိမ်ဆုံ၍ ဒုတိယအကြိမ် မဆုံနိုင်တော့သော ဆရာကြီးအား နှမြောတသ သတိတရ ဖြစ်ကြရပါသည်။ နေ့မြင်ညပျောက်အဖြစ်ကို သံဝေဂယူမိကြပါသည်။

ဆက်လက်၍ ဧည့်ခံကျွေးမွေးရေး တာဝန်ယူကြသည့် အထက (၂)တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာများကြီးများနှင့် ဆရာမကြီး ဒေါ်ခင်အေးမူက မိတ်ဆက်ပေးပါသည်။

**(၁) ဒေါ်မေဝင်း အထက်တန်းကျောင်းအုပ်၊**
**(၂) ဒေါ်အယ်ဂျာတောင် လက်ထောက်ပြည်နယ်ပညာရေးမှူး(စစ်ဆေးရေး)(ငြိမ်း)**
**(၃)ဒေါ်ခင်အေးမူ ရန်ကုန်ပညာရေးမှူး(စစ်ဆေးရေး)(ငြိမ်း)**
**(၄) ဒေါ်သေးသေး ကချင်ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး)(ငြိမ်း)**
**(၅) ဒေါ်ဂျာနန် ရှမ်း/တောင်ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး)(ငြိမ်း)**
**(၆) ဒေါ်မွန်မွန်လေး မြို့နယ်ပညာရေးမှူး၊ မိုးကောင်းမြို့(ငြိမ်း)**
**(၇) ဒေါ်စန်းမြင့် မြို့နယ်ပညာရေးမှူး၊ မိုးကောင်းမြို့(ငြိမ်း)**
**(၈) ဒေါ်ချစ်စိန် ဒုတိယကျောင်းအုပ်၊ မြစ်ကြီးနားပညာရေးကောလိပ်(ငြိမ်း)**
**(၉)ဒေါ်ခင်မြင့် ကထိက၊ မြစ်ကြီးနားပညာရေးကောလိပ်(ငြိမ်း)**
**(၁၀) ဒေါ်ချစ်မြိုင် အလက-ပမွတီး၊ အလယ်တန်းကျောင်းအုပ်(ငြိမ်း)**

တက်ရောက်လာကြသော ပညာရေးဌာန အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများကို မိတ်ဆုံစားပွဲဖြင့် ဧည့်ခံပေးပါသည်။

အစီအစဉ်အရ ဆရာကြီးဦးကိုလေးကဦးလှဝင်း(လေသူရဲတစ်ဦး)ရေးသော "နှုတ်မဆက်နဲ့ငိုချင်တယ်"ဆောင်းပါးကို ဖတ်ပြပါသည်။ ဆောင်းပါးတစ်ခုလုံးသည် အငြိမ်းစားသက်ကြီးရွယ်အိုများအတွက် အလွန်မှတ်သားလိုက်နာသင့်သောအချက်များ ဖြစ်ပါသည်။ တချို့ကို ပြန်လည်လက်ကမ်းမျှဝေလိုက်ပါသည်။

အိုမင်းမစွမ်း လမ်းထမလျှောက်နိုင်တော့တဲ့အချိန်၊ ပူဆွေးနေရမည့်အချိန်၊ ဝမ်းနည်းနေရမည့် အချိန်တွေရောက်တဲ့အထိ မစောင့်မျှော်နေပါနဲ့။

သင် ကျန်းမာနေတုန်း ဘယ်သွားချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ သွားပါ လုပ်ပါ။

သင့်ရဲ့သူငယ်ချင်းတွေ၊ သင့်ရဲ့ ရဲဘော်တွေ ဆုံတွေ့ကြဖို့ အခွင့်အလမ်းပေါ်တိုင်း လက်မလွှတ်လိုက်ပါနဲ့၊ သူတို့နဲ့ တွေ့ဖြစ်အောင် တွေ့ပါ။

ဒီလို ပြန်တွေ့ကြမဲ့အချိန်တွေဟာ သင့်မှာသိပ်မကျန်တော့ဘူးဆိုတာ အမြဲသတိရနေပါ။

သင့်ဘဝမှာ သင်စုဆောင်းခဲ့တဲ့ စုငွေတွေဟာ သင့်ငွေပါ။ ဒီတေငွေတွေကို သင့်တော်တဲ့ နေရာတိုင်းမှာ သုံးပစ်ပါ။ သင့်ကိုယ်သင် အထူးဂရုစိုက်ပါ။ သင်စားချင်တဲ့ သင့်ကျန်းမာရေးနဲ့မျှတမယ့် အစားအစာ အကုန်စားပါ။ ကြိုက်နှစ်သက်သလိုစားပါ။ အဲ. . . ဒါပေမဲ့ အစားကို မမက်နဲ့။ သင့်ကျန်းမာရေးအတွက် လိုအပ်တဲ့ပမာဏထက်ပိုစားလို့မရနိုင်ပါဘူး။

ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ သင့်မှာရှိတဲ့ ဝေဒနာတွေကို အဆိုးမမြင်ပါနှင့်၊ အကောင်းမြင်ပါ။

လူတိုင်းဟာ မွေးဖွားခြင်း၊ အိုမင်းခြင်း၊ ကွယ်လွန်ခြင်းဆိုတာတွေကို ရှောင်လို့မရပါ။ ဖြတ်သန်းကြရပါမည်။ နေထိုင်မကောင်း ဖြစ်ခဲ့ရင်လည်း မကြောက်ပါနဲ့။ သောကမများပါနဲ့ သင်မကွယ်လွန်မီ ရှင်းထားရမယ့်ပြဿနာတွေကို အကုန်ကြိုရှင်းထားပါ။ သင့်ကလေးတွေအတွက် သင်တွေးမပူပါနဲ့။

သင်အမြဲ ဂရုစိုက်ရမည့် ရတနာအိုးကြီး (Old Treasure) ကြီး လေးခုရှိပါတယ်။

**၁။ သင့်ရဲ့ခန္ဓာ**

ဒီသင့်ခန္ဓာကို ဘယ်သူစောင့်ရှောက်မလဲ၊ သင်ပဲစောင့်ရှောက်ရပါမယ်။ အထူးဂရုစိုက်ပြီး စောင့်ရှောက်ရပါမယ်။ ခေါင်းသုံးပါ။

**၂။ စုငွေ**

သင်ရှာဖွေစုဆောင်းထားတဲ့ငွေတွေကို သင့်အတွက် ဦးစားပေးပြီး သင်အမြဲစဉ်းစားပါ။ သုံးပါ။

**၃။ ဘဝကြင်ဖော်**

သင့်ဇနီး၊ သင့်ခင်ပွန်းကို ငယ်စဉ်ကထက် ပိုချစ်ပါ။ ညှာတာပါ။ ရင်ထဲမှာ အမြဲသတိရနေပါ။ သင်တို့နှစ်ဦးထဲက တစ်ဦးက အရင်ကွယ်လွန်ပါလိမ့်မည်။ ဒီအဖြစ်ကို မမေ့ပါနှင့်။

**၄။မိတ်ဆွေသူငယ်ချင်းကောင်းများ**

အခွင့်သာတိုင်း တွေ့နိုင်အောင် အမြဲကြိုးစားပါ။ သူတို့နှင့်တွေ့နိုင်မည့်အခွင့်အလမ်းတွေက နည်းလာနေပါပြီ။ သူတို့နှင့်တွေ့တိုင်း စိတ်ကြိုက်စကားပြောပါ။ ရယ်ပါ။ ပျော်ရွှင်ပါ။ စီးဆင်းနေတဲ့ရေတွေဟာ ဘယ်တော့မှ အနောက်ကို ပြန်မစီးကြပါဘူး။ ဒီအချိန်မှာ ပျော်အောင်နေတတ်အောင် ကြိုးစားပါ။ မှတ်သားလိုက်နာသင့်သောဆောင်းပါး ဖြစ်ပါသည်။

ထို့နောက် ဆရာကြီး၊ဆရာမကြီးများသည် မိမိတို့၏ စိတ်နှလုံးတွင် ခံစားရသော စေတနာစကားများကို အသီးသီး မွက်ကြားကြပါသည်။

နေဝင်တိမ်တောက်နေချိန်ကို ဖြတ်သန်းနေကြသော ဆရာကြီး ဆရာမကြီးများ၏ ဆန္ဒကို လိုလိုလားလားဖြည့်ဆည်းပေးကြသော တပည့်ဟောင်းများကိုလည်း အထူးကျေးဇူးတင်ကြောင်း၊ တပည့်တို့၏ ဘဝတွင် ရေတင့်ကြာနှယ် လန်းဆန်းကြပါစေ။ ဘဝခရီးလမ်းများ ဖြောင့်ဖြူးကြပါစေ။ အမျိုး၊ ဘာသာ၊ သာသနာနှင့် တိုင်းပြည်အကျိုးကို ထမ်းဆောင်နိုင်ကြသူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးကြပါသည်။

ဆရာကြီး ဆရာမကြီးများအပေါ် စေတနာအပြည့်ဖြင့် အသွားအလာ အဆင်ပြေစေရန်၊ အစားအသောက် အဆင်ပြေစေရန် အစစအရာရာ ကူညီပေးခဲ့ကြသော ကျောင်းသားဟောင်းများ ဖြစ်ကြသည့်

**(၁)ကိုဝင်းဟန်သန်း**
**(၂)ကိုချမ်းအေး**
**(၃)ဒေါက်တာကံမြင့်**
**(၄)ကိုဇော်မင်း**
**(၅)ကိုယဉ်ထွေး**
**(၆)ကိုကျော်နိုင်ထူး**
**(၇)မမျိုးမျိုး**
**(၈)မလှဲ့လှဲ့ဝင်း**
**(၉)မမီမီအောင်**
**(၁၀)မမိုးမိုးအေး**
**(၁၁)မယဉ်ယဉ်**တို့အား အထူးကျေးဇူးတင်ကြောင်း တဖွဖွ ပြောမိကြပါသည်။

ကျောင်းသားဟောင်းများဖြစ်ကြသော ကိုအောင်မြင့်၊မယဉ်ယဉ်မိသားစု၏ ဂါရဝလက်ဆောင်ကိုလည်း ကြည်ကြည်နူးနူးလက်ခံကြပါသည်။ ဆရာမကြီး ဒေါ်မေဝင်း ကိုယ်တိုင်ရေးစပ်ထားသော "တွေ့ဆုံခြင်း၏ ပျော်ရွှင်မှု"သီချင်းကို အငြိမ်းစားဆရာမကြီးများဖြစ်ကြသော ဒေါ်မေဝင်း၊ ဒေါ်မေရီတန်ဂျီး၊ ဒေါ်မာရွယ်၊ ဒေါ်ဂျာနန်၊ ဒေါ်အယ်လ်နန်းအောင်တို့က သံပြိုင်သီဆိုပြီး မိတ်ဆုံစားပွဲလေးကို ပျော်ပျော်ရွှင်ရွှင်ပြီးမြောက်ခဲ့ကြပါသည်။ နောက်တစ်ကြိမ် သက်ရှည်ကျန်းမာစွာ ပြန်လည်ဆုံတွေ့နိုင်ရန် မျှော်လင့်ချက်ကိုယ်စီဖြင့် စုပေါင်းဓာတ်ပုံရိုက်ရမည့်နေရာ ရပ်တော်မူဘုရားရင်ပြင်သို့ တရွေ့ရွေ့သွားရောက်ကြ၍ ဓာတ်ပုံမှတ်တမ်းများရိုက်ပြီး လမ်းခွဲခဲ့ကြပါတော့သည်။

**မြစ်ကြီးနားမြို့နယ် အငြိမ်းစားပညာရေးမိသားစု**

မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၆ ၊ ၂၀၁၈ )

# တွက်ချေကိုက်လာတဲ့ ဖူဆယ်ကွင်း စီးပွားရေး

Salai







ဒီနှစ်ပိုင်းထဲ မြစ်ကြီးနားမြို့မှာ လူကြိုက်အများလာဆုံး အားကစားနည်းကို ပြပါဆိုရင် ဖူဆယ်ဘောလုံး ကစားနည်းကို ပြရမှာပါ။ မြစ်ကြီးနားမှာ လူကြီး၊ လူငယ်တွေနဲ့ ကလေးတွေပါမကျန် ကစားလာကြတဲ့ ကစားနည်းဖြစ်လာလို့ပါ။ တချို့ကွင်းတွေမှာဆို ညဉ့်နက်သန်းခေါင်အထိတောင် ကစားနေကြပါတယ်။

အမိုးအကာအောက်မှာ သတ်မှတ်ဘောင်တွေနဲ့ ကစားရတဲ့ ဖူဆယ်ဘောလုံးကစားနည်းဟာ တစ်ဖက်ကို လူငါးယောက်နဲ့ ကစားရတဲ့နည်းဖြစ်ပြီး ပထမပိုင်း မိနစ် ၂၀ နဲ့ ဒုတိယပိုင်း မိနစ် ၂၀နဲ့ နားချိန် ၁၅ မိနစ် စုစုပေါင်း ကစားချိန်က တစ်နာရီစာလောက်ပဲ ကြာမြင့်တဲ့ အားကစားနည်းဖြစ်နေတာက ဒီအားကစားနည်းရဲ့ အဓိကဆွဲဆောင်မှုတွေဖြစ်မှာပါ။

ဘောလုံးကွင်းကြီးတွေမှာ တစ်ဖက်ကို လူဆယ့်တစ်ယောက်မပြည့်ဘဲ ကစားရင် ပင်ပန်းလွန်းတော့ ကျန်းမာရေးလိုက်စားရုံသက်သက် ကစားတဲ့သူတွေက ကျယ်ပြန့်လွန်းတဲ့ကွင်းကြီးတွေထက် ဖူဆယ်ကွင်းတွေဘက်ကို စိတ်ဝင်စားမှုများလာခဲ့တာပါ။ လူဆယ်ယောက်ရှိရုံနဲ့ ကစားလို့ရတာရယ်၊ ကွင်းကြီးတွေလောက် အချိန်ပေးဖို့မလိုတာရယ်ကလည်း ဒီအားကစားနည်းရဲ့ အားသာချက်ပါပဲ။

“ဖူဆယ်က အသက်ကြီးပိုင်းကအစ ကလေးလူငယ်တွေကအထိ ကစားနိုင်တယ်။ ကွင်းကြီးဆိုရင် လူကြီးတွေအတွက် ခက်ခဲသွားပြီ။ သူတို့အသက်အရွယ်အရ ကြံ့ခိုင်မှုမရှိတော့ဘူး ခက်ခဲတယ်။ ဖူဆယ်က လူကြီးတွေအတွက် ပြေးလွှားနိုင်တဲ့အဝန်းအဝိုင်းထဲမှာဆိုတော့ အဆင်ပြေတယ်။ ကလေးတွေလည်း ကစားနိုင်တယ်။ နောက်ပြီး အမျိုးသမီးတွေအစ ကစားလို့ရတဲ့ ကစားနည်းဆိုတော့ ပိုပြီးရေပန်းစားလာတာဖြစ်တယ်”လို့ ဖူဆယ်ကွင်းပိုင်ရှင်တစ်ဦးဖြစ်သူ ဦးဂျတ်မွန်းအောင်က ပြောပါတယ်။

နောက်တစ်ခုက ကွင်းကြီးတွေလို တစ်ယောက်ကို တစ်ယောက်အဝေးကနေ ကန်တင်ပေးပြီး ကစားရတာမဟုတ်ဘဲ ကွင်းကျဉ်းကျဉ်းလေးထဲမှာ အလိမ်အခေါက်တွေ၊ အလှည့်အပတ်တွေနဲ့ ကစားရတာဆိုတော့ ကစားသမားရဲ့ ဘောလုံးစွမ်းရည်ကို တိုးတက်စေတယ်လို့ ဖူဆယ်နဲ့မြန်မာနေရှင်နယ်လိဂ် ဒိုင်လူကြီးတစ်ဦးဖြစ်သူ ဦးသူရိန်စိုးကဆိုပါတယ်။

“တက်သစ်စလူငယ်တွေအတွက်လည်း ဖူဆယ်များများကစားပေးရင် စကေးပိုပြီး တက်စေတယ်။ ဖူဆယ်ကစကေးလိုင်းကိုး။ ကွင်းကြီးလို မျိုးကန်၊ တင်၊ ပြေး မဟုတ်ဘူး။ စကေးနဲ့ဆော့ရတဲ့ အခါကျတော့ ဘောလုံးစကေးကိုပိုကျွမ်းကျင်လာတယ်”လို့လည်း ဦးသူရိန်စိုးကပြောပါတယ်။

မြစ်ကြီးနားမှာ ဖူဆယ်ကစားနည်းကို ညနေပိုင်းနဲ့ညပိုင်း အလုပ်အားလပ်ချိန်တွေမှာ ကစားတဲ့သူပိုများတယ်လို့ တပ်ကုန်းရပ်ကွက်က Kachin Real ဖူဆယ်ကွင်းမှ ကိုအာကာကပြောပါတယ်။

“၄ နာရီနောက်ပိုင်းကလူပိုများတယ် အလုပ်အားကြတဲ့အချိန် လာဆော့ကြတာများတယ်၊ ကွင်းကြီးက လူများများလိုတယ်။ ဖူဆယ်က မလိုဘူးလေ တစ်နာရီလောက်ဆော့တာနဲ့ ချွေးထွက်ပြီး အဆင်ပြေတယ်။ ကစားတတ်တဲ့သူရော မကစားတတ်တဲ့သူရော ကျန်းမာရေးအရ ဆော့လာကြတယ်”လို့ သူကပြောပါတယ်။

လာရောက်ကစားကြသူအများစုကလည်း ဌာနဆိုင်ရာအဖွဲ့အစည်းတွေက ဝန်ထမ်းတွေ၊ ဘာသာရေးအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း၊ ကုမ္ပဏီဝန်ထမ်းတွေချိန်းပြီး လာကစားကြတယ်လို့ နောင်ရာကွင်းပိုင်ရှင် ကိုဂျတ်မွန်းအောင်က ပြောပါတယ်။

ဖူဆယ်အားကစားနည်းရဲ့အစကို ပြန်ကြည့်မယ်ဆိုရင် ဖူဆယ်ကစားနည်းကို စတင်ကစားခဲ့တဲ့နိုင်ငံက ဥရုဂွေးနိုင်ငံပါ။ ၁၉၃၀ ခုနှစ်လောက်က စတင်ကစားခဲ့ကြတယ်လို့ သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။ Futsal ရဲ့ အမည်ရင်းကတော့ စပိန်လို Fútbol Sala (or) Fútbol de Salón နဲ့ ပေါ်တူဂီတွေရဲ့ Futebol de Salão ကနေဆင်းသက်လာတယ်လို့ မှတ်သားရပါတယ်။ အဓိပ္ပါယ်ကတော့ Indoor Football လို့ ပြောကြသလို ဟောလ်ခန်းကစားနည်းလို့လည်း ပြန်ဆိုကြတယ်လို့ သိရပါတယ်။

အခုဆို မြစ်ကြီးနားမှာ ဖူဆယ်ဘောလုံးကစားနည်း ခေတ်စားလာတာ တစ်နှစ်ကျော်လောက်ရှိခဲ့ပါပြီ။ တစ်နှစ်လောက်အတွင်းမှာတင် မြက်ခင်းတုနဲ့ ပြုလုပ်ထားတဲ့ ဖူဆယ်ဘောလုံးကွင်းပေါင်း ၂၀ နီးပါးလောက် ရှိနေပြီလို့ ဖူဆယ်ကစားကွင်းတွေ လိုက်လံတည်ဆောက်ပေးနေတဲ့ ကိုသူရိန်စိုးက ပြောပါတယ်။

သူ့အနေနဲ့ မြစ်ကြီးနားမြို့ပေါ်က ဖူဆယ်ကွင်း ၂၀ နီးပါးလောက်ထဲက ၇ ကွင်းကို ကိုယ်တိုင် ဦးစီးဆောက်လုပ်ပေးခဲ့ပြီး မြန်မာနိုင်ငံထဲက မြို့နယ်တွေမှာလည်း သွားရောက်ဖောက်လုပ်ပေးခဲ့တယ်လို့ သိရပါတယ်။ ကွင်းတွေကို အများအားဖြင့် အလှခင်းမြက်ခင်းနဲ့ ရာဘာစေ့ပါတဲ့ မြက်ခင်းတို့နဲ့ ဆောက်လုပ်ပေးတယ်လို့ ဆိုပါတယ်။

ကွင်းတစ်ကွင်းအတွက် ကျသင့်ငွေကတော့ ကျပ်သိန်းပေါင်း သုံးရာဝန်းကျင်လောက်ရှိတယ်လို့လည်း သိရပါတယ်။ ကွင်းကိုတော့ ကွင်းငယ်ဆိုဒ် အလျား ၂၅ မီတာ၊ အနံ ၁၆ မီတာ( ၈၂ ပေ ၅၂ ပေ)၊ ကွင်းလတ်ဆိုင်ကိုအလျား၄၂မီတာ၊ အနံ ၂၅ မီတာ( ၁၃၈ ပေ ၈၂ ပေ)တည်ဆောက်ကြတယ်လို့ သိရပါတယ်။

မြစ်ကြီးနားမြို့ရဲ့ ပထမဆုံးမြက်ခင်းတု ဖူဆယ်ဘောလုံးကွင်းကို စတင်တည်ဆောက်ခဲ့သူကတော့ မြစ်ကြီးနားမြို့ အပျော်တမ်းဘောလုံးကလပ်အသင်းတစ်သင်းဖြစ်တဲ့ Kachin Real အသင်းပိုင်ရှင်ပါ။ သူ့ရဲ့အသင်းသားတွေ လေ့ကျင့်ဖို့အတွက် အဓိကထားဖောက်လုပ်ခဲ့ရာကနေ လာကစားချင်တဲ့ဝါသနာရှင်တွေကစားနိုင်ဖို့ ငှားရမ်းအသုံးပြုခွင့်ပေးခဲ့ရင်း အခုလို ပျံ့နှံ့ခေတ်စားလာခဲ့တာလို့ kachin Real ကွင်းကို ထိန်းသိမ်းစောင့်ရှောက်သူ ကိုအာကာက ပြောပါတယ်။

ဒုတိယ တည်ဆောက်ခဲ့တဲ့ နောင်ရာဖူဆယ်ကွင်းကတော့ သူငယ်ချင်းသုံးယောက် ပေါင်းစပ်ပြီး ၂၀၁၇ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တာဖြစ်တယ်လို့ ဦးဂျတ်မွန်းအောင်က ရှင်းပြပြောဆိုပါတယ်။

အဲဒီကွင်းတွေမှာ ဆော့ကစားမယ်ဆိုရင် ကွင်းအသုံးပြုခအဖြစ် တစ်နာရီကိုအနည်းဆုံးကျပ် ကိုးထောင်နဲ့ အများဆုံးကျပ် ၁၂၀၀၀ လောက်ပေးရပါတယ်။ အခုလိုဖူဆယ်ကွင်းတွေ ရေပန်းစားလာတာနှင့်အမျှ ကစားသမားတွေကလည်း ဖူဆယ်ကစားနည်း ဥပဒေပိုမိုသိလာကြတော့ ကွင်းကြီးမှာကစားဖို့အတွက် အထောက်အပံ့ကောင်းတွေဖြစ်စေတဲ့ ကစားနည်းပါပဲလို့လည်း ကိုဂျတ်မွန်းအောင်က မှတ်ချက်ပြုပါတယ်။

အစိုးရအနေနဲ့ အခမဲ့ဆော့ကစားနိုင်ဖို့ ဖူဆယ်ဘောလုံးကွင်းတွေ ဆောက်လုပ်ပေးမထားတော့ ပုဂ္ဂလိကဖူဆယ်ဘောလုံးကွင်းတွေ ရေပန်းစားလာတာပါ။ ဖူဆယ်ကွင်းဆောက်လုပ်ထားတဲ့ ကွင်းပိုင်ရှင်တွေအတွက်လည်း အဆင်ပြေနေပါတယ်။

“စီးပွားရေးလည်း အဆင်ပြေတယ်၊ အကျိုးအမြတ်ရတာပေါ့။ တည်ဆောက်တဲ့အချိန်မှာ ကွင်းကို အတော် အသင့်လုပ်ပြီးတော့မှ ပျမ်းမျှပေါ့။ ကျွန်တော်ထင်တာကတော့ ဘောလုံးကွင်းတွေ များလာတယ်ဆိုပေမယ့်လည်း Section မရှိတဲ့ကွင်း၊ မဆော့ကြတဲ့ကွင်း မရှိပါဘူး။ တစ်ရက်ကိုသူတို့မရဘူးဆိုရင်တောင် ၇သောင်း ၈ သောင်းကတော့ ရနေတဲ့အခါကျတော့ စီးပွားရေးဘက်ကိုလည်း နည်းနည်းလေးအာရုံရလာတယ်”လို့ ကိုသူရိန်စိုးက ပြောပါတယ်။

နေ့တစ်နေ့မှာ မနက် ၆ နာရီကနေ ည ၁၀ နာရီလောက်အထိ ၁၆ နာရီလောက် ကစားနိုင်ပြီး ယခုမိုးရာသီမှာတော့ လာရောက်ကစားသူနည်းပါးတယ်လို့ သိရပါတယ်။ ကျန်တဲ့ရာသီတွေမှာတုန်းကတော့ တစ်နေ့ကို ၁၀ ချိန်ကနေ ၁၃ - ၁၄ ချိန်အထိငှားရမ်းရတယ်လို့ သိရပါတယ်။

တစ်နာရီစာ ကစားဖို့အတွက်ကစားသမားတွေကတစ်ယောက်ကို ငွေကျပ်တစ်ထောင်စီလောက်သာ ကျသင့်လို့ ဖူဆယ်ကွင်းတွေမှာ နေ့တိုင်းကစားသူတွေနဲ့ စည်ကားခဲ့ပါတယ်။ ကစားသူအတွက်ရော၊ ကွင်းပိုင်ရှင်တွေအတွက်ပါ သင့်တင့်တဲ့နှုန်းဖြစ်လို့ နှစ်ဦးနှစ်ဖက် ကောင်းကျိုးရစေတဲ့ ကစားနည်းတစ်ခုပါ။

တစ်ချိန်က ကချင်ပြည်နယ်မှာ အားကစားရုံထဲကိုသွားဖို့ထက် မူးယစ်ဆေးဝါးဘက်ကိုရောက်သွားလို့ ၂၀၀၀ ခုနှစ်ဝန်းကျင်လောက်က လူငယ်မျိုးဆက်တွေဟာ အကျဉ်းထောင်ထဲမှာ သူတို့ဘဝတွေကို မြှုပ်နှံအချိန်ကုန်ခဲ့ ကြရပါတယ်။ အခုဆိုရင် ဒီလိုမျိုးကစားရုံတွေ ရပ်ကွက်အနှံ့မှာ ပေါ်ပေါက်လာခြင်းအားဖြင့် ကချင်ပြည်နယ်ရဲ့ အားကစားခေတ်ကို ပြန်လည်ဦးမော့လာအောင်စွမ်းဆောင်နိုင်တော့မယ်ဆိုတာ အသေအချာပါပဲ။

# Mrs. Elite Internatioal ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ကချင်ပြည်နယ်သူ



မြစ်ကြီးနား၊ ဇူလိုင် ၂

မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာ အိမ်ထောင်ရှင် အလှမယ်ပြိုင်ပွဲ (Mrs. Elite International)သို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ကချင်ပြည်နယ်မှ အိုလံပစ်အိမ်ထောင်ရှင် မဆုရှင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အသက်အပိုင်းအခြားအနေဖြင့် အသက် ၅၀ နှင့် ၆၀ အရွယ်ကြား ကန့်သတ်ထားသည့်အတွက် မြစ်ကြီးနားမြို့မှ အသက် ၅၁ နှစ်အရွယ် အိုလံပစ်အိမ်ထောင်ရှင်အလှမယ် ဒေါ်နီနီအောင်က သွားရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မက တကယ်တော့ ငြိမ်းချမ်းရေးသံတမန်အနေနဲ့ သွားတက်ရမယ့်ပွဲပါ။ နိုင်ငံပွဲတစ်ခုလည်း ဖြစ်ပါတယ်။ ဟိုကျလို့ရှိရင် ကိုယ့်ရဲ့ကာယအလှအပြင်၊ ခန္ဓာကိုယ် ကြံ့ခိုင်မှုပါပြရမယ်။ အများကြီးလည်း ပြင်ဆင်ထားတယ်။ ကိုယ်ရဲ့လက်မောင်းအသားတွေ အဆီတင်းမှုတွေ၊ သွက်လက်မှုတွေ ဖြတ်လတ်မှုတွေကို အများကြီး ပြင်ဆင်ထားပါတယ်"ဟု ဒေါ်နီနီအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ နိုင်ငံတကာပြိုင်ပွဲဖြစ်သော Mrs Elite International ပွဲတွင် ဘာသာစကားအခက်အခဲမဖြစ်ရန်လည်း ကြိုတင်လေ့လာပြင်ဆင်နေသည်ဟုဆိုသည်။

ထိုပြိုင်ပွဲကို လာမည့် စက်တင်ဘာလ ၂ ရက်နေ့တွင် စက်ာပူနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။

အိုလံပစ်အိမ်ထောင်ရှင်မအလှမယ် ဒေါ်နီနီအောင်သည် ဇွန်လ ၁၇ ရက်နေ့က ရန်ကုန်တွင်ကျင်းပခဲ့သည့်မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ်၏ ဖက်ရှင်အလှမယ်အငယ်တန်း အိမ်ထောင်ရှင်လှမယ်ပြိုင်ပွဲဝင် ၄၂ ဦး ထဲတွင် ပထမဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ဆိုင်း (ကချင်မြေ)

# အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်ခွင့်ရမည့် Mrs. Summer International Myanmar 2019 ပြိုင်ပွဲ ကျင်းပမည်

MISS SUMMER INTERNATIONAL

မြစ်ကြီးနား၊ ဇူလိုင် ၂

အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်ခွင့်နှင့် အခြားအကျိုးခံစားခွင့်များစွာရရှိပိုင်ဆိုင်နိုင်မည့် Mrs Summer Internation Myanmar 2019 ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပသွားမည်ဟု သိရသည်။

ထိုပြိုင်ပွဲတွင် အိမ်ထောင်ရှင်အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ မြန်မာနိုင်ငံကိုယ်စားပြု Mrs တစ်ဦးကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို မြို့နယ်ပေါင်း ၄၂ မြို့နယ်မှ အိမ်ထောင်ရှင်အလှမယ်များ ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ နိုင်ငံကိုယ်စားပြု Mrs Winner ဆုကိုရရှိသည့် အလှမယ်အနေဖြင့် ဆုကြေးငွေသိန်း ၂၀ နှင့်အတူ အခြားအကျိုးခံစားခွင့်များစွာကိုလည်း ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း National Director ကိုပြည့်စုံအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုလက်ရှိ မြစ်ကြီးနားမှာဆိုရင် ပွဲဦးထွက်အနေနဲ့ City ပွဲတွေကို စတင်ကျင်းပနေပါပြီ။ ပြီးရင် တခြားမြို့နယ် အသီးသီးကလည်း ပွဲတွေကို ကျင်းပတော့မှာဖြစ်ပါတယ်" ဟု ကိုပြည့်စုံအောင်က ပြောသည်။

ထို Mrs Summer International Myanmar 2019 Grand Final ပွဲကို ထူးခြားမှုရှိအောင် ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့တွင် ပထမဆုံးအနေဖြင့် ကျင်းပသွားမည်ဟုလည်း ကိုပြည့်စုံအောင်က ဆက်ပြောသည်။

"နောက်နှစ် ၃ လပိုင်းမှာ လုပ်ဖို့စီစဉ်ထားတယ်။ Final ပွဲတက်ရောက်လာမယ့် ကိုယ်စားပြုအလှမယ်တွေကို နေ/စားငြိမ်း Camp သွင်းသွားမယ်။ နောက်ပြီး Openingဝတ်စုံတွေ၊ Official Photo ဝတ်စုံတွေ၊ မြန်မာ့ရိုးရာဝတ်စုံတွေ၊ ညနေခင်းဝတ်စုံတွေ၊ မိတ်ကပ်တွေနဲ့ အခြားလိုအပ်တာတွေကို Organization က ပံ့ပိုးပေးသွားမှာပါ"ဟု ယင်းက ဆက်ပြောသည်။

ယခုအချိန်တွင် Mrs. Summer International Myanmar 2019 ပြိုင်ပွဲအတွက် ပြည်နယ်နှင့် တိုင်းဒေသအသီးသီးမှ မြို့နယ်တာဝန်ခံများကို စတင်ခန့်အပ်လျက်ရှိကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)

မြစ်ကြီးနားသတင်းဂျာနယ် PDF ကို
တစ်စောင် ၅၀၀ ကျပ်နှုန်းဖြင့် Online မှ မှာယူနိုင်ပြီ။
ဆက်သွယ်ရန် Email: myitkyinanewsjournal@gmail.com Call : + 95 (0) 9420085928, +95 0943170745



AKZ GROUP High Class AIR-CON , AIR SUSPENSION EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2) ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊ လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# Mister Universe Myanmar 2019 Kachin State ပြိုင်ပွဲ

မြစ်ကြီးနား၊ ဇူလိုင် ၂

ရွေးသားစစ်စစ် ၇ ကျပ်သားကျော်နှင့် စိန် ၁၁ လုံးခြယ်ရံထားသည့် Men Crown ရရှိနိုင်မည့် Mister Universe Myanmar 2019, Kachin State ပြိုင်ပွဲကို ကချင်ပြည်နယ်တွင် ပထမဆုံးအကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲတွင် မြစ်ကြီးနား၊ ဗန်းမော်နှင့် မိုးညှင်းကိုယ်စားပြု Mister များကို စိစစ်ရွေးချယ်သွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲမှ ရွေးချယ်ခံရသူများအနေဖြင့် Grand Final ပွဲကို ရန်ကုန်မြို့တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ထိုပွဲတွင် Men Crown ရရှိသူများသည် နိုင်ငံတကာပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားရမည်ဟုလည်း သိရသည်။

"ဒီပွဲက နိုင်ငံတကာက လက်ခံထားတဲ့ ပွဲကြီးတစ်ပွဲလည်းဖြစ်တယ်။ ဒီနှစ်မှာမှ ကျွန်တော်တို့ပါ လက်ခံကျင်းပခွင့်ရခဲ့တာပါ။ ပထမဆုံးပွဲဖြစ်တဲ့အတွက်လည်း ရင်ခုန်ရတယ်။ ပွဲလုပ်မယ့်နေရာကို ကျယ်ကျယ် ဝန်းဝန်းနဲ့ လုပ်နိုင်အောင် မြို့တော်ခန်းမငှားဖို့ အခုလောလောဆယ် သက်ဆိုင်ရာဦးစီးဌာနကို ခွင့်တောင်းထားတယ်"ဟု Regional Director ကိုရန်လင်းအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုပြိုင်ပွဲကို စိတ်ပါဝင်စားပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး ၂၉ နှစ် ထက်မကျော်သူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည့်အပြင် အရပ် ၅ ပေ ၆လက်မရှိကာ အင်္ဂလိပ်စကားကို အသင့်အတင့်ပြောဆိုနိုင်ရမည်ဟု ကန့်သတ်ထားကြောင်းသိရသည်။

ထို့အပြင် ပြိုင်ပွဲဝင်များအနေဖြင့် စိတ်ကျန်းမာရေးကိုယ်ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်ဖြစ်ကာ ရွေးချယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများကိုလည်း နားလည်လက်ခံပြီး သဘောတူစာချုပ်ချုပ်ဆိုရမည်ဟု ဖော်ပြထားသည်။

ထိုပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးသည်အထိ ယှဉ်ပြိုင်ကြရမည်ဖြစ်သည့်အပြင် ပြစ်ချက်မရှိဘဲ အကြောင်းတစ်စုံတရာကြောင့်နုတ်ထွက်ပါက လျော်ကြေးငွေ ငါးသိန်းတိတိကို ပေးလျော်ရမည်ဟု သိရသည်။

Mister Universe Myanmar 2019 Kachin State ပြိုင်ပွဲကို စိတ်ပါဝင်စားသူများအနေဖြင့် Form များကို K2 beauty Center၊ ကာယဗလအလေးမရုံတင်းနစ်ကွင်းအနီး၊ မန်ခိန်စာသင်ကျောင်းအနီး Lum T Shanghtin (ဖုန်းနံပါတ် ၀၉၉၇ ၁၅၄၆၃၂၀)၊ Make up Jue Jue Kay (ဖုန်း -၀၉၂၅၈၂၅၃၂၅၂) နှင့် Regional Director ကိုအောင်လင်း(ဖုန်း-၀၉၇၇၆၅၁ ၁၃၂၂)တို့ထံတွင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို စိတ်ပါဝင်စားသူများအနေဖြင့် Form များကို လာမည့်ဩဂုတ်လ ၁၀ ရက်နေ့တွင် နောက်ဆုံးပေးပို့ရမည်ဖြစ်ပြီး ၂၀ ရက်နေ့တွင် လူတွေ့စစ်ဆေးမှုကို ပြုလုပ်သွားမည်ဟုလည်း သိရသည်။

ဆိုင်း (ကချင်မြေ)

# လူမှုကွန်ယက် Facebook ပေါ်က နိုင်ငံကျော် Miss များ



Model - M Seng Lu ဓါတ်ပုံ – M Seng Lu (Facebook)



Model - Maria J Naw ဓါတ်ပုံ – Maria J Naw (Facebook)

ဘယ်လိုနေနေ အသည်းလေးတွေက ချစ်ပါတယ်ဆိုတဲ့ J Naw နဲ့ တိမ်တွေနေတဲ့အရပ်ဆီသွားချင်တဲ့ M Seng Lu တို့ရဲ့ လူမှုကွန်ရက်

ဒီတစ်ပတ်မြစ်ကြီးနားသတင်းဂျာနယ်က ကချင်ပြည်နယ်က မော်ဒယ် M ဆိုင်းလူ၊ မော်ဒယ်ဂျေနော်တို့ သူတို့ရဲ့ Facebook စာမျက်နှာမှာ ဒီတစ်ပတ်အတွင်း ဘာတွေတင်ဆက်ခဲ့ကြတယ်ဆိုတာကို စာဖတ်ပရိသတ်တွေအတွက် ပြန်လည်မျှဝေပေးလိုက်ပါတယ်။

မော်ဒယ်လောကမှာ နာမည်တစ်ခုရလာတဲ့ ကချင်အမျိုးသမီးလေး ဂျေနော်ကတော့ ဇွန်လ ၂၈ ရက်နေ့မှာ Beauty Things Opening Ceremony မှာ ဖဲကြိုးသွားဖြတ်ခဲ့ပေးခဲ့ပြီ၊ အဆိုပါပွဲကို တက်ခဲ့တဲ့ ဝတ်စုံနဲ့သူမရဲ့ လူမှုကွန်ရက်Facebook စာမျက်နှာဖြစ်တဲ့ Maria J Naw မှာ "J Naw ကိုဆို. . . နော အသဲလေးများက ဘယ်လိုနေနေချစ်ပါတယ်ဆိုလို့"ဟု ရေးသားကာ ဓာတ်ပုံ ၅ ပုံနဲ့ တင်ခဲ့တာပါ။

ပရိသတ်တွေက သူ့ Post ရဲ့ Comment မှာ "အလား. . . နောလေး. . သေသွားနိုင်တယ် . . ဖြည်းဖြည်းချင်းသတ်လည်း ရပါတယ် . . ကြွေကျမိတယ်. . . စောရအိုင်" "post တွေက တစ်နေ့တစ်မျိုး မရိုးနိုင်အောင်ပါပဲလား မမရယ်၊ ဒီထက်မကအောင်မြင်ပါစေ" "မြန်မာဆန်ဆန်လေးပဲ နင်လေဝတ်ပါ. . . မြန်မာလိုလှတဲ့မြန်မာမလေးရာ. . . ငါသိပ်ချစ်လို့ပါကွာ" စသဖြင့် မှတ်ချက်ပေးခဲ့ကြတာပါ၊ သူမဟာ Maria J Naw ဆိုတဲ့ Facebook အကောင့်မှာ Follow တစ်သိန်းကျော်ရရှိထားပြီး J Naw ဆိုတဲ့ Page မှာလည်း Liked လုပ်ထားသူတစ်သိန်းကျော် ရရှိထားပါတယ်။

မော်ဒယ်လောကမှာ နာမည်ကြီးမော်ဒယ် တစ်ဦးဖြစ်တဲ့ M ဆိုင်းလုကတော့ ဇူလိုင် ၂ ရက်နေ့က သူမရဲ့ Facebook စာမျက်နှာမှာ "တိမ်တွေနေတဲ့ အရပ်ဆီကို နင်နဲ့ငါ"လို့ ရေးသားပြီး ဂီတာအဝါရောင်လေး ကိုင်ဆောင်ထားတဲ့ ဓာတ်ပုံ ၃ ပုံ ဖော်ပြခဲ့ပါတယ်။

သူ့ပရိသတ်တွေက "အင်းပါမရယ်၊ မနဲ့သာဆိုတိမ်တွေဆီတင်မကဘူး စကြဝဠာအပြင်တခြားတစ်နေရာရောက်တဲ့အထိ သွားပစ်မှာမကသာဒီကောင်လေးလက်ကိုမလွှတ်ဘဲမြဲမြဲကိုင်ထားပေး" "လက်ထဲက Ukulele လေးသာ ဖြစ်လိုက်ချင်တယ်" "ဘေဘီလက်ထဲက ဂစ်တာလေးဖြစ်လိုက်ချင်ဒယ်၊ ဘေဘီ တီးချင်တိုင်းတီးလို့ရတာပေါ့"စတဲ့ Comment တွေပေးခဲ့ကြတာပါ၊ M Seng Lu ကတော့ သူမရဲ့ Facebook အကောင့်မှာ ပရိသတ်တွေရဲ့ follower နှစ်သိန်းကျော် ပိုင်ဆိုင်ထားသူပါ။